# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၅)၊ အမှတ်(၀၂၃)


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၄/၂၀၂၅) ကျင်းပ

## လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်ကို အောင်မြင်အောင် ကဏ္ဍအလိုက် တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၅) တွင် အမှာစကားပြောကြားစဉ်။


**ယနေ့ ဖတ်စရာ**

အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ — ဆောင်းပါး — စာ ၆

သင်အလိမ်မခံချင်လျှင် စာဖတ်ပါ — ဆောင်းပါး — စာ ၁၀

ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှု ကန်ဒေါ်လာ ၁၂ ဘီလီယံကျော်လာ — နိုင်ငံတကာသတင်း — စာ ၁၄





## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ *ရှေ့ဖုံးမှ*

နိုင်ငံတကာမျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုစသည့် အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**စိုက်ပျိုးရေးနှင့်ပတ်သက်၍** မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏ အဓိကပန်းတိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာလုံလောက်စွာ ရရှိနိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ဖွံ့ဖြိုးရေးဌာနများ၊ သုတေသနဌာနများပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း နိုင်ငံအနှံ့ မျိုးကောင်းမျိုးသန့် မျိုးမှန်ရရှိရေးအတွက် သုတေသနလုပ်ငန်းသစ်များ ထပ်မံတိုးမြှင့်အလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ စိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင် ချည်မျှင်ရှည်ဝါ၊ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ်ဝါးတန်ချိန်များစွာထွက်ရှိသည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင် ဝါးစက္ကူပျော့ဖတ်ကို ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းချမှတ်ပြီး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများအသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်ကြောင်း၊ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏အကျိုးသာမက နိုင်ငံ၏အောင်မြင်မှုလည်းဖြစ်သောကြောင့် မဖြစ်မနေ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသား

**❖ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏ အကျိုးသာမက နိုင်ငံ၏ အောင်မြင်မှုလည်းဖြစ်သောကြောင့် မဖြစ်မနေအလေးထား ဆောင်ရွက်ကြရန်လိုအပ်၊ စိုက်ပျိုးမြေများ တိုးချဲ့ခြင်းထက် ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင် တစ်ကေသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထား**

စိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) များကိုလည်း ထောက်ပံ့ပေးထားကြောင်း၊ အဆိုပါထောက်ပံ့ပေးထားသည့် ဒေသများတွင် ပန်းတိုင်အထွက်နှုန်း အမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်အတိုင်း နှစ်ရှည်သီးနှံပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးပြီး နိုင်ငံတွင်း သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။

**စက်မှုကဏ္ဍနှင့်ပတ်သက်၍** နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေခံအားဖြစ်သည့်အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်၊ နည်းပညာသုံးထုတ်လုပ်မှုစနစ်နှင့်ပတ်သက်သည့် အသိပညာများရရှိရန် လိုအပ်ကြောင်းနှင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီး တိုးတက်မှုကိုဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ပိုမိုတားဆီးကြပ်မတ်

**တရားမဝင်ကုန်သွယ်မှုနှင့် အရေးယူမှုများနှင့်ပတ်သက်၍**လည်း မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုသည် အဓိကအဟန့်အတားဖြစ်နေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်လျက်ရှိသည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာဌာနများက ယခုထက် ပိုမိုတားဆီးကြပ်မတ်ဆောင်ရွက်စေလိုကြောင်းနှင့် ဖမ်းဆီးရမိမှုများကို ဥပဒေပုဒ်မ မှန်မှန်ကန်ကန်ဖြင့် တရားစွဲအရေးယူရန်လိုအပ်ကြောင်း။

**ပညာရေးနှင့်ပတ်သက်၍** လူတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ အားပေးဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့်နီးပါး အတန်းစဉ်အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရေး အတန်းစဉ်ကူးပြောင်းရာတွင် ရှိရင်းကျောင်းသားဦးရေထက် လျော့နည်းမသွားစေရေး ကြပ်မတ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်ကချမှတ်ထားသည့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

**ကျန်းမာရေးနှင့်ပတ်သက်၍** လက်ရှိပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"**ဟု မူဝါဒချမှတ်ပေးထားသည့်အတွက် ဆေးရုံများအတွက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားပေးရန်လိုအပ်ကြောင်း။

### အားကစားကဏ္ဍကို အားပေးမြှင့်တင်

**အားကစားကဏ္ဍနှင့်ပတ်သက်၍ "အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော် အကြီးအကဲအနေဖြင့် အားကစားကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့ကြီးများတွင် မိုးလုံလေလုံ အားကစားရုံ၊ ရေကူးကန်၊ လူ ၅၀၀၀ ပွဲကြည့်နိုင်သည့် အဆင့်မြင့် ပွဲကြည့်စင်နှင့် Synthetic Rubber Track and Field ကွင်းအပါအဝင် ဘောလုံးကွင်းများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများအလိုက် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းအောင် လေ့ကျင့်မွေးမြူပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးကြစေလိုကြောင်း၊ မကြာမီ ထိုင်းနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်အားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

### တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့်ဆောင်ရွက်

**ဘဏ္ဍာရေးနှင့်အခွန်ကဏ္ဍနှင့်စပ်လျဉ်း၍** ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် တင်ပြတောင်းခံထားသည့် အသုံးစရိတ်များနှင့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခွန်ကဏ္ဍသည် အရေးကြီးသည့်အတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများကို လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

**ရွေးကောက်ပွဲနှင့်ပတ်သက်၍** လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို ပြည်သူများ အသုံးပြုတတ်စေရန် ပညာပေးရေး၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး စသည်များကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးမင်းမင်းတို့တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုဗိုစီဗစ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးရုံးနှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ အန်နာ ဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmin Naypyitaw Hotel ၌တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ်မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သောအဖွဲ့သည် မာရဝိဇယရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**





## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာ နုနုလွင်<br>ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ နေခြည်လဲ့လဲ့သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

# အားကောင်းသော အပူပိုင်းမုန်တိုင်း"ဖန်ရှန်" အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျား

**နေပြည်တော် အောက်တိုဘာ ၂၂**

**အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်"အခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်" သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

**အားကောင်းသောအပူပိုင်းမုန်တိုင်း "ဖန်ရှန်" ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်" သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၇ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၁၁၀ ဒသမ ၁ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသော အပူပိုင်းမုန်တိုင်း "ဖန်ရှန်"သည် အနောက် - အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်။

ထိုမှတစ်ဆင့် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများမှ တစ်ဆင့် လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms.Gwyn Lewis အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ် တက်ရောက်ရန်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Oil & Gas Exploration and Development Corporation (CNODC) ညှိနှိုင်းမဆောင်၌ CNODC ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်များတွင် နှစ်ဖက်အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ကမ်းလွန်စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် ဥပဒေရေးရာကဏ္ဍများတွင် သင်တန်းများစေလွှတ်၍ သင်ယူလေ့လာရေး၊ နှစ်ဖက်နီးကပ်စွာ ထိတွေ့ဆက်ဆံနိုင်ရေးအတွက် Working Group များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာ့စွမ်းအင်ကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာစေရေးအတွက်လိုအပ်သည့်အကူအညီဖြည့်ဆည်းပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**အမြန်ဆုံးဆောင်ရွက်နိုင်ရေး ဆွေးနွေး**

ထို့နောက် Canadian Foresight Group (CFG) နှင့် China Oilfield Services Limited (COSL) တို့၏ ဥက္ကဋ္ဌများ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး နှစ်ဖက် အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်တွင် တူးဖော်ရေးဆိုင်ရာကိစ္စရပ်များ အမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် CNPC ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Petroleum Corpo-ration (CNPC) ညှိနှိုင်းမဆောင်၌ တွေ့ဆုံခဲ့သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုလာရောက်ဆောင်ရွက်ရေး၊ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို သွယ်တန်းထားပြီးဖြစ်သည့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း ပို့လွှတ်သယ်ဆောင်နိုင်ရေး၊ ကမ်းလွန်လုပ်ကွက်အသစ်များကို လေ့လာပြီး ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့်အဝ အသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်းတွင်းပိုက်လိုင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အသုံးပြုနိုင်ရန်အတွက် အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများတွင် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ ရေနံချက်စက်ရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်းများအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ် ရရှိနိုင်ရေး၊ ပိုက်လိုင်းလုံခြုံရေးနှင့် ပိုက်လိုင်းတစ်လျှောက် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သံပုရာကန် ရေနံချက်စက်ရုံစီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် Sino-pipeline International (SPI) ကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အလုပ်သဘော နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ထိုသို့ သုံးဆောင်စဉ် ရေနံချက်စက်ရုံအသစ် စီမံကိန်းအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်နိုင်ရန် ပိုက်လိုင်းများ သွယ်တန်းနိုင်ရေး၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အသုံးပြုနိုင်ရန် အတွက် ကနဦးဆန်းစစ်ခြင်းများကို လျင်မြန်စွာ စတင်ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား စွမ်းအင်ကဏ္ဍဆိုင်ရာအဖွဲ့များမှ အကြီးအကဲများက လာရောက်တွေ့ဆုံကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံ တည်ဆောက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းခြင်း၊ စွမ်းအင်ကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစက်ပစ္စည်း ကိရိယာများနှင့် နည်းပညာများအား ရှင်းလင်းတင်ပြခြင်း၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာ ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သန့်ရှင်းသော စွမ်းအင်အမျိုးမျိုးအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဆောင်ရွက်နိုင်မည့်အခြေအနေကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ စွမ်းအင်ကဏ္ဍတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်ဖိတ်ခေါ်ဆွေးနွေးသည်။

**သွားရောက်လေ့လာ**

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပိုင် ဘူမိရူပ စူးစမ်းလေ့လာရေးနှင့် ရေနံရှာဖွေရေးပစ္စည်းများ ထုတ်လုပ်သည့် BGP ကုမ္ပဏီသို့ သွားရောက်၍ 3D Seismic ကို အသုံးပြုပြီး လက်တွေ့တိုင်းတာဆောင်ရွက်မှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး နည်းပညာများ၊ Seismic တိုင်းတာရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးကိုကိုကျော် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ

**မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်မီအချိန်မှစ၍ အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့ပါသည်။ သို့သော် ခေတ်စနစ်အမျိုးမျိုး ပြောင်းလဲခဲ့ရခြင်းကြောင့် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလ နိုင်ငံရေးပါတီများ ဖျက်သိမ်းခဲ့ရသဖြင့် နိုင်ငံရေးပါတီများမှာ နှစ်ကာလကြာရှည်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကွယ်ပျောက်ခဲ့ရသည်။**

ဦးရွှေဦး

> ❖ **တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ချက်ထားရှိပြီး ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ဆောင်ရွက်ပြီး ရွေးကောက်ပွဲ အလွန်ခိုင်မာအားကောင်းသော လွှတ်တော်များ၊ အစိုးရအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေ ဆောင်ရွက်ကြရမည်**
>
> ❖ **မြန်မာလူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်များအတွင်း နိုင်ငံ့အကျိုး၊ မိမိတို့၏ တိုင်းရင်းသားလူမျိုးစုများအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရန် အချိန်အခါလည်း ကျရောက်နေပြီဖြစ်**

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခွင့် ရရှိခဲ့ပါသည်။ ယနေ့ အချိန်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဖွဲ့စည်းထူထောင်စည်းရုံးဆောင်ရွက်နေသည့်ကာလဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တည်ထောင်ထားသည့် နိုင်ငံရေးပါတီများမှာ ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးဆောင်ရွက်မည့်ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့် ပါတီ ၅၁ ပါတီရှိပါသည်။

ယင်းပါတီများတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလမှ ယနေ့အထိ ဆက်လက်တည်ရှိနေခဲ့သော ပါတီ ၃၆ ပါတီနှင့် ပုဒ်မ ၃ အရ အသစ်တည်ထောင်သော ပါတီ ၂၁ ပါတီဖြစ်ပါသည်။ နိုင်ငံရေးအယူဝါဒအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပါတီ ၂၈ ပါတီ၊ တိုင်းရင်းသား မျိုးနွယ်အလိုက် ဖြစ်ပေါ်လာသော ပါတီ ၁၃ ပါတီနှင့် ဒေသအလိုက် ဖွဲ့စည်းထူထောင်ထားသော ပါတီ ၁၆ ပါတီဖြစ်ကြောင်း တွေ့ရှိရပါသည်။

### သမိုင်းအစဉ်အလာ

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အမျိုးသားရေး စိတ်ရှင်သန်နိုးကြားလာရာမှ နိုင်ငံရေးပါတီများ စတင်ပေါ်ပေါက်လာခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ပေါ်ပေါက်ခဲ့ပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှတစ်ဆင့် နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ခဲ့ရာ နိုင်ငံရေးအစ (YMBA)ကဟု ဆိုစမှတ်ပြုခဲ့ကြသည်။

လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်ဦးကာလတွင် နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအင်အားစုအဖွဲ့များ အမြောက်အမြား ပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေအာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်သော်လည်း နိုင်ငံရေးအင်အားစုများတွင် ဝါဒစွဲ၊ ဂိုဏ်းကွဲ၊ အုပ်စုကွဲများနှင့် တောခိုလက်နက်ကိုင်သောင်းကျန်းမှု အခြေအနေများကြောင့် ၁၉၅၁ – ၁၉၅၂ ခုနှစ်မှသာ ပထမအကြိမ် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပြီး ထိုရွေးကောက်ပွဲတွင် ဖဆပလအနိုင်ရရှိခဲ့သည်။

ဖဆပလအဖွဲ့ချုပ်ကြီးမှာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် လိုအပ်သည့်အချိန်တွင် နိုင်ငံသားအားလုံး သွေးစည်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာ့လူငယ် ခေတ်ပညာတတ် နိုင်ငံရေးသမား သခင်များသည် တကောင်းအဘိရာဇာ တို့ဗမာသီချင်းကြီးကို သီဆို၍ လာမည့်ဘေးပြေးတွေ့ဟူသည့် ကြွေးကြော်သံကို ဟစ်ကြွေးကာ တို့ဗမာအစည်းအရုံးကြီးကို စတင်ဖွဲ့စည်းခဲ့သည်။

တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာရခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်များမဟုတ်၊ တိုင်းပြည်တွင် ကျရောက်နေသော ပကတိအခြေအနေများကို ဝင်ရောက်ဆောင်ရွက်ရန် သမိုင်း၏ တောင်းဆိုချက်အရ ထင်ရှားမှန်ကန်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သမိုင်း၏ တောင်းဆိုချက်အရ "ဗမာ (မြန်မာ) ပြည်သည် တို့ပြည်၊ ဗမာ (မြန်မာ) စာသည် တို့စာ၊ ဗမာ(မြန်မာ)စကားသည် တို့စကား"... စသောကြွေးကြော်သံများဖြင့် တို့ဗမာအစည်းအရုံးကြီးသည် ပေါ်ထွက်လာရခြင်းဖြစ်သည်။

စစ်ကြိုခေတ်တွင် တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ပယောဂဖြင့် နှစ်ဂိုဏ်းကွဲခဲ့ရသော်လည်း လွတ်လပ်ရေးတိုက်ပွဲကြီး နီးလာသောအခါ ပြန်လည်သွေးစည်းကြပြီး ရဲဘော်သုံးကျိပ်ကို ဖွဲ့စည်းကာ ဘီအိုင်အေတပ်မတော်ကြီးထူထောင်၍ လွတ်လပ်ရေးတိုက်ပွဲ ဝင်နိုင်ခဲ့ကြခြင်းသည် အမျိုးသားညီညွတ်ရေးလမ်းစဉ်၏ "စံ" တစ်ခုဖြစ်စေခဲ့ပေသည်။

ထို့အပြင် ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့က ကမကထပြု နှီးနှောဆွေးနွေးသော်စည်းရုံးနိုင်ခြင်းဖြင့် ဗြိတိသျှအစိုးမိုးခံ ဥပဒေပြုလွှတ်တော်တွင် အမျိုးသားလွတ်လပ်ရေးအဆိုကို ထူးခြားစွာစတင်၍ တောင်းဆိုခဲ့သည်။ မြန်မာပြည်၏ ဥပဒေခြေလှမ်းတစ်ရပ် ဖြစ်ခဲ့သည်။ ထိုလှုပ်ရှားမှုနှင့် မရှေးမနှောင်းပင် တို့ဗမာအစည်းအရုံးကြီးသည် အနာဂတ်အမျိုးသားလွတ်လပ်ရေးခြေလှမ်းအတွက် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ် "မြန်မာ့လွတ်လပ်ရေးထွက်ရပ်ဂိုဏ်းကြီး"ကို တည်ထောင်ခဲ့သည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၆ ခုနှစ်တွင် ကန်တော်ကြီး နေသူရိန် အမျိုးသားညီလာခံကြီးအပြီး၌ ဖဆပလအဖွဲ့ချုပ်ကြီးဟူ၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီး၏ နောက်ဆုံးအဆင့်အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးကို ထူထောင်ခဲ့ကြသည်။ ဤကဲ့သို့ အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့ခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးဆုံးသော ဆောင်ရွက်ချက် သမိုင်းတစ်ကွေ့မှတ်တမ်း (Historical Turning Point) ဖြစ်ခဲ့လေသည်။

ယနေ့အချိန်အခါသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန် အတွက် ဦးတည်ချက်ထားရှိပြီး ဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ပြီး ရွေးကောက်ပွဲ အလွန်ခိုင်မာအားကောင်းသော လွှတ်တော်များ၊ အစိုးရအဖွဲ့များဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မြန်မာလူငယ်များအနေဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် အနာဂတ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာပါတီအသီးသီးက ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်များအတွင်း နိုင်ငံ့အကျိုး၊ မိမိတို့၏ တိုင်းရင်းသားလူမျိုးစုများ အကျိုးအတွက် ပါဝင်ဆောင်ရွက်ကြရန် အချိန်အခါလည်း ကျရောက်နေပြီဖြစ်ပါသည်။

### နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲများ

နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုမှာ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီ ၄၃ ပါတီ ဖွဲ့စည်းခဲ့ပြီး ၁၉၅၀-၅၂ ခုနှစ် ပထမအကြိမ် ပါလီမန်ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၂ ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးကျင်းပရာတွင် နိုင်ငံရေးပါတီ ၂၄ ပါတီ ရှိခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ပြုခဲ့ရာ နိုင်ငံရေးပါတီ ၂၃၉ ပါတီအထိ မှတ်ပုံတင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် နိုင်ငံရေးပါတီ ၉၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှု အခြေအနေမှာ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီ ၃၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၇၁ ဦး၊ ၂၀၁၅ ခုနှစ်တွင် နိုင်ငံရေးပါတီ ၉၁ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၃၈ ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံရေးပါတီ ၉၁ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦးဖြစ်ပြီး ယခုကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၅၇ ပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၀၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း တင်သွင်းထားကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများတွင် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) ဖြင့်သာ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအထိ အနိုင်ရသဖြင့် အစိုးရဖွဲ့စည်းနိုင်ခဲ့သော နိုင်ငံရေးပါတီများမှာ ဖဆပလ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့ ဖြစ်သည်ကို တွေ့ရှိရပါသည်။ အစိုးရဖွဲ့စည်းနိုင်သည့် ပါတီ သုံးပါတီသာ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများ ပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန်အတွက် ရွေးကောက်ပွဲစနစ်များကို အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP)ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများ အနေဖြင့် ပြည်သူလူထု၏ ထောက်ခံဆန္ဒမဲများအရ ကိုယ်စားလှယ်နေရာများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

လွှတ်တော်အတွင်း တိုင်းရင်းသားပါတီများ၏ ကိုယ်စားလှယ်များပါဝင်လာခြင်းဖြင့် ဒေသဆိုင်ရာ ကိုယ်စားပြုမှု တိုးမြှင့်ရရှိလာမည်ဖြစ်ပြီး တိုင်းရင်းသားများဆန္ဒကို ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ MMP စနစ်သည် တရားမျှတမှုမြင့်မားသော ဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံရေးပါတီများသည် မကြာမီကာလတွင် မဲဆန္ဒရှင်ပြည်သူလူထုအတွင်း မဲဆွယ်စည်းရုံးခြင်း မှစတင်၍ နိုင်ငံရေးတာဝန်များ ထမ်းဆောင်ကြရတော့မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြရာတွင် ဥပဒေနှင့်အညီ မျှမျှတတ မဲဆွယ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။ မီဒီယာအားကို အသုံးပြု၍ အမုန်းစကားများဖြင့် ပါတီအချင်းချင်း တိုက်ခိုက်မဲဆွယ်ခြင်း၊ အချို့နိုင်ငံရေးပါတီများက မိမိပါတီအနိုင်ရရှိရေး အတွက် ပြည်သူလူထုကို နည်းလမ်းမမှန်သော စည်းရုံးရေးနည်းများဖြင့် မဲဆွယ်ခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။

ပါတီခေါင်းဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်ကို ဦးဆောင်မည့်

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၆၆
ရက်
သာ လိုတော့သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် မွန်ပြည်နယ်အတွင်းရှိ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်နှင့်အတူ ယမန်နေ့က မွန်ပြည်နယ်အတွင်း တည်ဆောက်လျက်ရှိသည့် တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး အပိုင်းတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အတ္ထရံတံတားသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို တံတားအထူးအဖွဲ့ (၁၄)မှ တာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြပြီး လမ်းဦးစီးဌာန နှင့် တံတားဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းစီမံချက်အတိုင်း တံတားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားပြီး သံမဏိကြိုးတပ်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

လက်ရှိ အတ္ထရံတံတားဟောင်းသည် ၁၉၉၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ခံနိုင်ဝန်အားအရ အိမ်စီးယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုထားသည့်အတွက် မော်လမြိုင် တစ်ဖက်ကမ်းရှိစက်မှုဇုန်များသို့ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန် ခက်ခဲသည့်အတွက် အတ္ထရံတံတားအသစ်ကြီး ပြီးစီးသွားပါက ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ ဖြစ်ပြီး အချိန်မရွေး ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ် စသည့် အာဆီယံနိုင်ငံများအကြား အဓိကဆက်သွယ်သော လမ်းမကြီးဖြစ်သဖြင့် အတ္တရံတံတားသစ်ကို တန် ၆၀ ယာဉ်များ ဖြတ်သန်းသွားလာနိုင်စေရန် အဓိကရည်ရွယ်၍ အဆင့်မြှင့်တင်ခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့်မီတံတားတည်ဆောက်ရေး နည်းပညာများ (Extra dosed / Cable Stayed) နှင့် တည်ဆောက်ခြင်းကြောင့် မြန်မာအင်ဂျင်နီယာများအဆင့်မြင့် တံတားဒီဇိုင်းပညာရပ်၊ အဆင့်မြင့် တည်ဆောက်ခြင်း နည်းပညာရပ်များ လေ့လာသင်ယူနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းမြို့ အထက(ရွှေမင်းဝံ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း အောက်တိုဘာ ၂၂**

စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က စစ်ကိုင်းမြို့ အထက(ရွှေမင်းဝံ) ကျောင်း၌ ကျင်းပခဲ့သည်။

ဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုး က ကျောင်းသား ကျောင်းသူ၊ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ၊ ဗဟုသုတများ ပြည့်စုံစေရန်၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ကြစေရန်၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ် လူငယ်လေးများ ဖြစ်လာစေရေး စသည့်စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာသိကောင်းစရာများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

နေရာများတွင် ပါဝင်ဆောင်ရွက်ကြရန် ရည်မှန်းချက်ထားသူများဖြစ်ကြရာ ပါတီ၏ ဂုဏ်သိက္ခာ၊ နိုင်ငံရေးဂုဏ်သိက္ခာများအတွက် နောင်လာနောက်သားများနှင့် နိုင်ငံသားများ လေးစားတန်ဖိုးထားသော စံနမူနာပြသနိုင်ရေး ပြုမူနေထိုင်ပြောဆိုကြရန် အကြံပြုတိုက်တွန်းလိုပါသည်။ တရားမဝင် မီဒီယာများနှင့် ဥပဒေမညီညွတ်သော ပြောဆိုခြင်းများကို ရှောင်ရှားသင့်ပါသည်။ နိုင်ငံရေးပါတီများသည် တရားဥပဒေကို လေးစားလိုက်နာခြင်း (Rule Of Law)နှင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံရေးအရ ရင့်ကျက်တည်ငြိမ်ခြင်းတို့ကို အလေးထားကြိုးစားအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံရေးပါတီများက အသွင်သဏ္ဌာန်ကောင်းမွန်ရန်အတွက် ဖွဲ့စည်းပုံ၊ ပါတီဝင်အင်အား၊ ပါတီရုံးခန်းအဆောက်အအုံ၊ ပါတီရန်ပုံငွေတို့ကို သတ်မှတ်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သလို ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက်လည်း သတ်မှတ်ထားသည့် ကိုယ်စားလှယ်ဦးရေပြည့်မီအောင် တင်သွင်းနိုင်ခဲ့ကြပြီးဖြစ်ပါသည်။ ပါတီ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ဆောင်ချက်များ ကောင်းမွန်စွာဖြင့် အနှစ်သာရရှိပြီး ပြည်သူလူထု အားကိုးထောက်ခံယုံကြည်မှုဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ ပါတီကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကာ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ကြတော့မည်ဖြစ်ပါသည်။

**နိုင်ငံ့ကောင်းကျိုးဆောင်ရွက်နိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေး**

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အရည်အချင်းပြည့်ဝ၍ လုပ်နိုင်ကိုင်နိုင်စွမ်းရှိပြီး အတွေ့အကြုံရင့်ကျက်ကာ နိုင်ငံ့ကောင်းကျိုး ဆောင်ရွက်နိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ မဲပေးကြရန် တိုက်တွန်းလိုပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းထားရှိပြီး ရွေးကောက်ပွဲလုံခြုံရေး၊ ပါတီဝင်များနှင့် ပါတီရုံးခန်းများလုံခြုံရေး၊ ကိုယ်စားလှယ်လောင်းများ လုံခြုံရေး၊ မဲဆန္ဒရှင်များ လုံခြုံစွာဆန္ဒမဲပေးနိုင်ရေးတို့ကို အစိုးရဌာနအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများကို ကြိုဆိုလိုက်ရပါသည်။

**ရည်ညွှန်းချက်များ**

၁။ သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး (၁၉၃၀-၁၉၄၈)၊ တက္ကသိုလ်စိန်တင်။
၂။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပထမတွဲ၊ ဒုတိယတွဲ)။
၃။ ကမ္ဘာ့နိုင်ငံရေးပါတီစာတမ်းများ (ဦးမြသောင်း)။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကျောက်ကပ်အစားထိုး လူနာများအား ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လိုအပ်သော နိုင်ငံတကာအဆင့်မီကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်ရောဂါလူနာများအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ခံယူနိုင်ရန် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့တွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ခံယူထားသော လူနာနှင့် အလှူရှင်များကို **(အပေါ်ပုံ)** တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများအား တွေ့ဆုံအားပေးကာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ အသက် (၃၁)နှစ်ရှိ အမျိုးသား ကျောက်ကပ်လူနာနှင့် ကျောက်ကပ်အလှူရှင် အစ်ကိုတော်စပ်သူ အသက်(၄၃)နှစ် အမျိုးသားတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ပြီးစီးခဲ့၍ စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ကြာမြင့်ခဲ့သည်။

တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်နေ အသက် (၃၁)နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသမီး (သားဖွားဆရာမ)နှင့် ကျောက်ကပ်အလှူရှင် မိခင်တော်စပ်သူ အသက် (၅၂)နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက်၉နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ခွဲစိတ်ကုသမှုပြီးစီးခဲ့၍ စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီခွဲကြာမြင့်ခဲ့သည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာသဇင်ခိုင်နှင့် ဆေးတက္ကသိုလ် (၂)ရန်ကုန်မှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမျိုးသန်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာရည်ရည်ခိုင်၊ ပါမောက္ခ/ဌာနမှူး (ငြိမ်း) ပါမောက္ခ ဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာငုဝါဝါမင်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ပါမောက္ခဒေါက်တာကြည်ကြည်စန်းတို့ပါဝင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာစန်းစန္ဒာခင်နှင့် တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာ ခိုင်ဝင်းထွန်းတို့ ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာခိုင်ဝင်းထွန်း၊ အထူးကုဆရာဝန်ကြီး(သွေးဗေဒ) ဒေါက်တာမီမီခိုင်တို့ ဦးဆောင်သော သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာခိုင်ရွှေဝါ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင် ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး (သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ သူနာပြုကြီး ဒေါ်သက်ဆု၊ သူနာပြုကြီး ဒေါ်ဥမ္မာလွင်တို့ ဦးဆောင်သော ခွဲစိတ်ခန်းသူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၂၂**

အလယ်အလတ်အဆင့်အရာထမ်း သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**(အောက်ပုံ)**





ဦးစွာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးဆန်းမြင့်က ယခုသင်တန်းက ရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများကို မိမိတို့ လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်ပြီး ပိုမိုအကျိုးရှိအောင် အသုံးပြုကြရန်၊ မိမိအထက်အဆင့် အရာထမ်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ထောက်ကူနိုင်ကြပြီး မိမိလက်အောက်အရာထမ်း၊ အမှုထမ်းများကိုလည်း သင်ကြားပြသကာ ကိုယ်တိုင်လည်း စံနမူနာပြဖြစ်အောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၄၅ ဦး၊ သင်တန်းသူ ၄၈ ဦး စုစုပေါင်း ၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂ ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ ကြာမြင့်ခဲ့သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးဆန်းမြင့်သည် ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လေ့ကျင့်ရေးဆိုင်ရာများ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ မှာကြားပြီး တက္ကသိုလ်တွင် ဖွင့်လှစ်ဆဲ သင်တန်းများ၏ စာသင်ခန်းမများသို့ သွားရောက်စစ်ဆေးသည်။

ယင်းနောက် တက္ကသိုလ် စစ်ရေးပြကွင်း၌ အရာထမ်းငယ် သင်တန်း အမှတ်စဉ်(၁၀၄) နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၁၄)တို့၏ သင်တန်းဆင်း စစ်ရေးပြလေ့ကျင့်နေမှု၊ တက္ကသိုလ် ပင်မရုံး ဆေးသုတ်ခြင်းလုပ်ငန်းနှင့် သင်တန်းသားအိပ်ဆောင်၊ စစ်တောင်းဆောင် အကြီးစား ပြင်ဆင်နေမှု အခြေအနေများ၊ သင်တန်းရိက္ခာအတွက် ရာသီသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများ၊ ဥစားကြက်နှင့် အသားစားကြက် မွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် စိန်ပန်းဆောင်၌ အရာထမ်းလောင်း(အထူး) သင်တန်းအမှတ်စဉ် (၁၅)မှ သင်တန်းသူများနှင့်အတူ ညနေစာ သုံးဆောင်သည်။

ထို့နောက် အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၃)၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာ ဘွဲ့လက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိတ္ထီလာခရိုင်၌ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မိတ္ထီလာကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ ခရိုင်ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးနန္ဒကျော်သူက မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ ခရိုင်ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်း ဖွင့်လှစ်သင်ကြားမည့် သင်တန်းခန်းမများကို လိုက်လံကြည့်ရှုသည်။

အဆိုပါမဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြုသင်တန်းကို မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ သင်တန်းသား စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များပေးအပ်

**မုံရွာ အောက်တိုဘာ ၂၂**

နိုင်ငံ့တာဝန်များကို တစ်ထောင့်တစ်နေရာမှ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဌာနဆိုင်ရာမှ အငြိမ်းစားဝန်ထမ်းများ ကျန်းမာသန်စွမ်းစွာဖြင့် နေထိုင်သွားလာနိုင်ရေးနှင့် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာကြသည့် အငြိမ်းစားဝန်ထမ်းများကို နံနက်စာ ကော်ဖီနှင့် မုန့်များဖြင့် ဧည့်ခံကျွေးမွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများက ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကာ တာဝန်ရှိသူများနှင့်အတူ အငြိမ်းစားဝန်ထမ်း ၁၃၀၀ ကို အာဟာရဖြည့်စွက်စာကြက်ဥများ လက်ရောက်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ခန်းမအတွင်း၌ မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားဝန်ထမ်းများကို ဆီးချို/သွေးချို ရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာအကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများအား စစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကာ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါခန်းမဝင်းအတွင်း၌ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က အငြိမ်းစားဝန်ထမ်းများကို အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည့် တန်ဖိုးမြှင့်စားသောက်ကုန် (Bakery)အမျိုးမျိုး ထုတ်လုပ်နည်းပညာသင်တန်း (၁၃/၂၀၂၅-၂၀၂၆) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) အမျိုးမျိုး ထုတ်လုပ်နည်းပညာသင်တန်းသို့ တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများကို သင်တန်းသူတစ်ဦးထံ



ပေးအပ်ကာ သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်ပြုလုပ်ထားသည့် တန်ဖိုးမြှင့်စားသောက်ကုန်(Bakery) အမျိုးမျိုးကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာကုန်စည်ဒိုင်အစည်းအဝေးခန်းမတွင် မုံရွာကုန်စည်ဒိုင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကုန်သည်များကို တွေ့ဆုံရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကုန်သည်များက မုံရွာကုန်စည်ဒိုင်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှထွက်ရှိသည့် သီးနှံအမျိုးမျိုးနှင့်ဆန်များ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကူညီဆောင်ရွက်ပေးရန်လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် အဆိုပါ ကုန်စည်ဒိုင်အတွင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှထွက်ရှိသည့် သီးနှံများ ရောင်းဝယ်နေမှုများကို လိုက်လံကြည့်ရှုပြီး ကုန်သည်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီး၌ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၂**

"အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေး အလေးပေးစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ (၂)၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ယခုနှစ် ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ ဆောင်ပုဒ်အနေဖြင့် "Love Your Eyes" "အမြင်အာရုံကောင်းစေဖို့ အသိပညာ မျှဝေလို့ မျက်စိကျန်းမာရေး အလေးပေးစို့" ဖြစ်ကြောင်း၊ မျက်စိကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ရရှိလာစေရေးအတွက် အတွေ့အကြုံများအား မျှဝေပေးခြင်းဖြင့် လူတစ်ဦးချင်းစီတိုင်း အမြင်အာရုံကို ဦးစားပေး တန်ဖိုးထားတတ်ပြီး ပုံမှန်မျက်စိစစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်းများ ပြုလုပ်လာစေရေး မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာရရှိ ဆောင်ရွက်နိုင်စေရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ဘဝတစ်လျှောက် အမြင်အာရုံချို့ယွင်းမှုမရှိစေရန်အတွက် ငယ်စဉ်ကလေး အရွယ်ကစ၍ မျက်စိကျန်းမာရေးကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံးပူးပေါင်း၍ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးက အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသော လုပ်ငန်းများကို တင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး ထားဝယ်မှ ဆေးရုံအုပ်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး ဦးဆောင်သော ဆေးအဖွဲ့က ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအား မျက်စိစမ်းသပ်ကုသပေး၍ ကုသိုလ်ယူနေမှုအား ကြည့်ရှုအားပေးပြီး (ဝဲပုံ) ပါဝါမျက်မှန်နှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၏ (၂/၂၀၂၅) ညှိနှိုင်းအစည်းအဝေး တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာမြေများ သိမ်းဆည်းခံရမှုနှင့် ပတ်သက်၍ တိုင်ကြားမှုများသည် နှစ်ပေါင်းများစွာကတည်းက ဘိုးဘွားပိုင်မြေများအဖြစ် ပိုင်ဆိုင်ကြခြင်းဖြစ်သည်ဟု ပြောဆိုကာ မြေကို ရယူပိုင်ဆိုင်လိုမှုဖြင့် တိုင်ကြားခြင်းက များပြားပါကြောင်း၊ လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့် ရရှိအောင် ပြင်ဆင်ပြီး အသုံးပြုနိုင်အောင် ဆောင်ရွက် ပေးထားသည်များ ရှိကြောင်း၊ မြေယာအရေးကိစ္စများတွင် သေချာစွာ စနစ်တကျဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လယ်ယာမြေများနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်သည့်အခါ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီ တွဲဖက် အတွင်းရေးမှူးနှင့် ကော်မတီဝင်များက တင်ပြတိုင်ကြားလာမှုအပေါ် စိစစ်ဆောင်ရွက်မည့် စီမံချက်များ၊ အမှုတွဲများအပေါ် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ စုပေါင်းဉာဏစွမ်းရည်ပြိုင်

**သာယာဝတီ အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြို့နယ်အတွင်းရှိ မူလတန်းကြို ကျောင်းပေါင်းစုံ စုပေါင်းဉာဏစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က ဆရာစံခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ခဲ့သည့် ဆုရရှင်သွေးငယ်များက ဖျော်ဖြေခြင်းနှင့် ဆုရရှင်သွေးငယ်များအား သာယာဝတီခရိုင်လူမှုဝန်ထမ်းရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်သန္တာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# သင်အလိမ်မခံချင်လျှင် စာဖတ်ပါ

**စာဖတ်ပရိသတ်တစ်ဦး**

**စာအုပ်စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပစာဆိုပညာရှင်ကြီးများ၏ အဆိုအမိန့်များစွာရှိပါသည်။ လက်လှမ်းမီရာ စာဆိုပညာရှင်ကြီးများ၏ အဆိုအမိန့်များအနက် စာရေးဆရာ၊ သတင်းစာဆရာကြီး သခင်အောင်ဖေ၏ "သင်အလိမ်မခံချင်လျှင် စာဖတ်ပါ" ဟူသော အဆိုအမိန့်ကို မှတ်မှတ်ထင်ထင်သဘောကျမိသည်။**

> **ပရိယတ္တိစာတတ်ပေတတ် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ တရားကို နာယူမှတ်သားခြင်းလည်းမရှိ၊ ဓမ္မစာပေများကို လေ့လာမှတ်သားဖူးခြင်းမရှိဘဲ ဆရာအတင်မှားပြီး အယူအလွဲမှားဖောက်ပြန်ပါက သံသရာနှင့်ချီ၍ နစ်နာပေလိမ့်မည်။ ထို့အတူ သုတ၊ ရသစာပေ ဗဟုသုတချို့ငဲ့ပါကလည်း ဘဝနှင့်ချီ၍ ဆုံးရှုံးနစ်နာပါလိမ့်မည်။ မျက်မှောက်ကာလတွင် အထူးသဖြင့် နိုင်ငံရေးနယ်ပယ်ပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမျှပင်တီးခေါက်လေ့လာမှုမရှိဘဲ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်မိပါလျှင် နိုင်ငံရေးသမားအမည်ခံကိုယ်ကျိုးရှာသူများ၏ အသုံးချခံသက်သက်ဖြင့် ဘဝနှင့်ချီ၍နစ်နာဆုံးရှုံးတတ်**

ထိုအဆိုအမိန့်ကား မည်သည့်ခေတ်မဆို ခေတ်တွေ ဘယ်လိုပြောင်းပြောင်း ဟောင်းနွမ်းသွားခြင်းမရှိပါ။ အထူးသဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် မာယာ၊ သာဋ္ဌေယျာ၊ ပလီစိချောက်ချက် လိမ်လည်လှည့်ဖြားမှုများ ဒင်းကြမ်းပြည့်နေသော မျက်မှောက်ကာလတွင် ပိုလို့ပင် ခေတ်မီဆန်းသစ်နေသည်။

ဆရာကြီးရွှေဥဒေါင်းက တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်တွင် **"ဘာစာမှမဖတ်သော လူတစ်ယောက်သည် သေးငယ်သောအရေးအရာကို ရောမကိစ္စကြီးအနေဖြင့် မြင်တတ်၍ တအံ့တသြပြောခြင်းမျိုးကို ကြုံရဖူးသည်"**ဟူ၍ ဆိုဘိသကဲ့သို့ စာပေဗဟုသုတမရှိသူများသည် သူတစ်ပါး၏ လိမ်လည်လှည့်ဖြားမှုများကို အဟုတ်ထင်ယုံမှတ်၍ အလိမ်ခံကြရလေသည်။

## စာအုပ်စာပေ လေ့လာဖတ်ရှု

စာအုပ်စာပေ လေ့လာဖတ်ရှု၍ စာပေဗဟုသုတရှိသူများအဖို့မူ သူတစ်ပါး၏ ပြုမူပြောဆိုမှုများကို ဟုတ်၏ မဟုတ်၏၊ ဖြစ်နိုင် မဖြစ်နိုင်၊ သဘာဝ ကျ မကျ၊ သူ့၌ရှိသမျှသော ဉာဏ်ကလေးဖြင့် စဉ်းစား၊ ဝေဖန်၊ သုံးသပ်နိုင်ပါသည်။

ကျွန်တော်သည် ဖခင်ကြီး၏ကျေးဇူးဖြင့် ဆယ်ကျော်သက်အရွယ်ကတည်းက ဇာတ်ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်ဝတ္ထုမှသည် မိုးကုတ်ဆရာတော်ကြီး၏သစ္စာလေးပါး တရားတော်များ၊ ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါးကျေးဇူး၊ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စသည်ဖြင့် ဘာသာရေးစာပေအချို့ကို လေ့လာဖတ်ရှုခဲ့ဖူးသည်။

ထိုထိုသော ဘာသာရေးစာပေအချို့ကို လေ့လာဖတ်ရှုမှတ်သားခဲ့ဖူး၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မလျော်ညီမှုများကို ဉာဏ်မီသမျှ ရှောင်ရှားနိုင်ခဲ့ပါသည်။ မှတ်မိသေးသည်။ တစ်ခါက မိသားစုများနှင့် ဘုရားဖူးသွားသည့် ခရီးတစ်ခုတွင် ဘုရားပရိဝုဏ်အတွင်းရှိလူတစ်ဦးက "ဆယ့်တစ်မီးငြိမ်းအောင် မောင်းဆယ့်တစ်ချက်လာတီးကြ" ဟူသော ဆော်သြမှုနှင့်အတူ ဘုရားဖူးများသည် မောင်းဆယ့်တစ်ချက်တီးရန် တန်းစီစောင့်စားနေကြသည်။

"မောင်းဆယ့်တစ်ချက်တီးလို့ ဆယ့်တစ်မီးငြိမ်းစတမ်းဆိုရင် မြတ်စွာဘုရားရှင်လည်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီ ဘယ်ဖြည့်မှာလဲ၊ မောင်းဆယ့်တစ်ချက်ပဲ တီးတော့မှာပေါ့" လူ့ဘုံအလယ်တွင် အလိုက်မသိပြောတတ်ဆိုတတ်သော ကျွန်တော်၏ ဝေဖန်စကားကြောင့် ဖခင်ကြီးက မျက်နှာရိပ်၊ မျက်နှာကဲဖြင့် တားမြစ်လေတော့သည်။ လူရှင်းသည့်အခါမှ ဖခင်ကြီးက "လူကြားထဲမှာ မပြောရဘူး၊ ကိုယ်သိရင် ကိုယ့်စိတ်ထဲမှာပဲထားရန်" ဆုံးမသွန်သင်လေတော့သည်။ သို့သော် အဖေ့မျက်နှာကား ပြုံးလို့နေပါသည်။

ဆိုရလျှင် ဘာသာရေးစာပေများ၏ ကျေးဇူးကြောင့် ကျွန်တော်သည် ကျွန်တော့်မှာ ရှိသမျှသော ဗဟုသုတဉာဏ်လေးဖြင့် ဘာသာရေးအမှုကိစ္စများတွင် ထေရဝါဒနှင့်ညီ မညီ၊ ဘုရားဟောဟုတ် မဟုတ်၊ စာပေကျမ်းဂန်နှင့်ညီ မညီ သုံးသပ်ချိန်ထိုးနိုင်ခဲ့ပါသည်။

ပရိယတ္တိစာတတ်ပေတတ် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏တရားကို နာယူမှတ်သားခြင်းလည်းမရှိ၊ ဓမ္မစာပေများကို လေ့လာမှတ်သားဖူးခြင်းမရှိဘဲ ဆရာအတင်မှားပြီး အယူအလွဲမှား ဖောက်ပြန်ပါက သံသရာနှင့်ချီ၍ နစ်နာပေလိမ့်မည်။ ထို့အတူ သုတ၊ ရသစာပေ ဗဟုသုတချို့ငဲ့ပါကလည်း ဘဝနှင့်ချီ၍ ဆုံးရှုံးနစ်နာပါလိမ့်မည်။ မျက်မှောက်ကာလတွင် အထူးသဖြင့် နိုင်ငံရေးနယ်ပယ်ပင်ဖြစ်သည်။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းမျှပင် တီးခေါက်လေ့လာမှုမရှိဘဲ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်မိပါလျှင် နိုင်ငံရေးသမားအမည်ခံကိုယ်ကျိုးရှာသူများ၏ အသုံးချခံသက်သက်ဖြင့် ဘဝနှင့်ချီ၍ နစ်နာဆုံးရှုံးတတ်ပါသည်။

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်တွင်လည်း အတွေ့အကြုံနုနယ်သော လူငယ်အချို့သည် အစွန်းရောက်နိုင်ငံရေးသမားများ၏ ဒီမိုကရေစီနှင့်ဖက်ဒရယ်ဟူသော စကားလုံးများအပေါ် နားယောင်ကာ အသုံးချခံသက်သက် ဖြစ်ခဲ့ကြရပြန်သည်။

## လူငယ်များကို အကြမ်းဖက်လမ်းစဉ်သို့တွန်းပို့

အလားတူ လွတ်လပ်ရေးရပြီးစကတည်းက ကျဉ်းမြောင်းသော လူမျိုးရေး၊ ဘာသာရေး၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့အပေါ် အခြေပြု၍ လက်နက်စွဲကိုင်ကာ စစ်ဘုရင်ဝါဒကို ကျင့်သုံးနေကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကလည်း စာပေဗဟုသုတနှင့် ဘဝအတွေ့အကြုံနုနယ်သော လူငယ်များကို အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ကြပြန်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အနာဂတ်အကျိုးစီးပွားကို လျစ်လျူရှုပြီး မင်းသားကြီး မလုပ်ရ ပတ်မကြီးထိုးဖောက်လေ့ရှိသော ငို့ဘနိုင်ငံရေးသမားအချို့၏ ဝါဒမှိုင်းများကြောင့် မြန်မာနိုင်ငံတွင် "တော်လှန်ရေး"ဟူသော ဝေါဟာရစကားလုံးသည် အတွေ့အကြုံနုနယ်သော လူငယ်များကို ခေတ်အဆက်ဆက်ဆွဲဆောင်လျက်ရှိပေသည်။

တော်လှန်ရေး၏ သဘောသဘာဝနှင့်ပတ်သက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံတွင် **"ဘာလဲတော်လှန်ရေး။ အကြမ်းပတမ်းလုပ်တာတိုင်း တော်လှန်ရေးလား၊ မဟုတ်ဘူး။ အဖျက်လုပ်ငန်းဆိုတာတိုင်း တော်လှန်ရေးလား၊ မဟုတ်ဘူး။ လုပ်ချင်တိုင်း လုပ်လို့ရသလား၊ မဟုတ်ဘူး။ ဘာရည်ရွယ်ချက်နဲ့လဲ။ ဘယ်လိုလဲ၊ လဲ လဲ လဲ။ အဲဒီလို 'လဲ'တွေအမျိုးမျိုးနဲ့ ကျွန်တော်တို့စဉ်းစားကြစို့။ တစ်ရံရောအခါက ဒီမေးခွန်းကို ကျွန်တော် ဒီလိုဖြေခဲ့တယ်။**

**"တော်လှန်ရေးဆိုတာ လူထုက လူထုရဲ့ ကံကြမ္မာကို အခြေခံကနေပြီး ဖန်တီးရာမှာ ဘယ်လိုပဲဖြစ်ဖြစ်ဆိုပြီး လူထုကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြစ်တယ်။ ရာဇဝင်ကြောင်းအရ မလွဲမရှောင်သာလို့လည်း လိုတယ်။ ဖြစ်ပျက်ပေါ်ပေါက်နေတဲ့ ရာဇဝင်အခြေအနေ အချက်အလက်တွေနဲ့ အခြားတစ်လမ်းဖြစ်တဲ့ အခြောက်တိုက် စိတ်ကူးစီမံကိန်းမျိုးနဲ့တော့ မဖြစ်နိုင်ဘူး။ ပြီးတော့ မျက်စိစုံမှိတ်ပြီး အကမ်းလို ရမ်းလို့မဖြစ်ဘူး၊ တစ်ဖက်တွင်သာ လုပ်တဲ့အလုပ်၊ အလိုအလျောက် လူထုထကြွမှု ဖျက်ဆီးရုံအလုပ်ကိုလည်းလက်မခံနိုင်ဘူး။ အဲဒါတွေကြောင့် တော်လှန်ရေးဆိုတာ အကြီးအကျယ်ဆုံး ပြုပြင်ဖန်တီးတတ်တဲ့ သတ္တိရှိပါတယ်။ တော်လှန်ရေးရဲ့အခြေခံရည်ရွယ်ချက်ကြီးကတော့ လုပ်စားကိုင်စား လူထုကြီးလွတ်လပ်မှုဖြစ်ပါတယ်။ တော်လှန်ရေးရဲ့အခြေခံအုတ်မြစ်ကတော့ လူထုပါဝင်အောင် ဆောင်ရွက်ရေးဖြစ်ပါတယ်။ တော်လှန်ရေးအောင်မြင်ဖို့ အခြေခံကတော့ လူထုကြီးရဲ့ နိုးကြားထကြွမှု တစ်နည်းအားဖြင့် လူထုကြီးဟာ ဘယ်အထိ ဖွံ့ဖွံ့စည်းစည်းရှိလို့ ဘယ်အထိ မိမိရဲ့ တာဝန်နဲ့ တန်ခိုးအာဏာကို သိရှိနားလည်နိုးကြားသလဲဆိုတဲ့အပေါ်မှာ တည်ပါတယ်။ အဲဒီလို ကျွန်တော်ဖြေခဲ့တယ်"**ဟူ၍ မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတဟောင်း ဒေါက်တာမောင်မောင်ကလည်း တော်လှန်ရေး၏ သဘောသဘာဝနှင့်စပ်လျဉ်း၍ - - -

**"တော်လှန်ရေးဟူသည် -**

**ဆန္ဒစောခြင်း၊ စိတ်အားထက်သန်ခြင်း၊**

**အယူမှန်ခြင်း၊ အယူမှားခြင်း၊**

**မေတ္တာကြီးမားခြင်း၊ ပြင်းထန်စွာ မုန်းတီးခြင်း၊**

**စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဆောင်ပုဒ်စကားများ၊**

**ရဲရဲတောက်လုပ်ဆောင်ချက်များ၊ စွန့်စားခြင်းများ**

**စသည်တို့ဖြင့် ရောထွေးပြွမ်းတီး၍သာ နေပေသည်။**

**နှစ်ပေါင်းများစွာကြာပြီးမှသာလျှင် တော်လှန်ရေးတစ်ရပ်၏ အဓိပ္ပာယ်ထင်ရှားစွာ ပေါ်လွင်တတ်သည်။**

**သမိုင်းကသာ တော်လှန်ရေးကို မှတ်ကျောက်တင်နိုင်သည်"** ဟူ၍ သူ၏ကိုယ်ရေးမှတ်စုတွင် ရေးသားခဲ့ပါသည်။

သို့ဆိုလျှင် မြန်မာလူငယ်မောင်မယ်များ အနေဖြင့် တော်လှန်ရေး၏ သဘောသဘာဝနှင့်ပတ်သက်၍ ဆဝါးမှန်းဆ၊ ချိန်ထိုးသုံးသပ်နိုင်ပါမည်။ ထို့အတူ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ဒေသအချို့မှ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများက အတိတ်ကာလကဲ့သို့ပင် ၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက်နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံဝန်ထမ်းနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ကိုယ်တွေ့ တွေ့ကြုံခံစားခဲ့ကြရသည့်အလျောက် ကြာကြာဝါးမှ ခါးမှန်းသိလာခဲ့ကြသည်။

သို့နှင့်အမျှ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး ထိန်းချုပ်ထားသည့် မြို့ရွာ၊ ဒေသများကို တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိမှုအပေါ် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ၊ ဝမ်းပန်းတသာဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

လွတ်လပ်ရေးရပြီးစ တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန် ကာလတွင်လည်း အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများက ကျဉ်းမြောင်းသောနိုင်ငံရေး၊လူမျိုးရေး၊ ဘာသာရေး အစွန်းရောက်မှုများဖြင့် ဖြူးမြို့၊ ပခုက္ကူခရိုင် ထီးလင်းမြို့နယ် ဆင်စွယ်ရွာနှင့် မြစ်ဝကျွန်းပေါ်ဒေသအပါအဝင် ကျေးလက်၊ မြို့ရွာများမှ ဒေသခံပြည်သူအချို့အား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြဖူးသည်။

ထို့ခေတ် ထိုကာလတွင်လည်း တပ်မတော်ကပင် အဆိုပါဒေသမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရပါသည်။

စာရှုသူမိတ်ဆွေ . . .

ဆိုရှယ်မီဒီယာမှ အလိမ်အညာများအပါအဝင် နယ်ပယ်စုံမှ လိမ်လည်လှည့်ဖြားမှုများနှင့် ကင်းဝေးလိုပါသလား။

သင်အလိမ်မခံချင်လျှင် စာဖတ်ပါ။

အင်္ဂလိပ်လူမျိုး စာပေပညာရှင်ကြီး Francis Bacon ကလည်း **"စာဖတ်ခြင်းဖြင့် ပြည့်ဝသောလူတစ်ယောက်ဖြစ်လာနိုင်သည်"**ဟု မိန့်ဆိုခဲ့သည် မဟုတ်ပါလား။ ။

> **" မြန်မာလူငယ်မောင်မယ်များအနေဖြင့် တော်လှန်ရေး၏သဘောသဘာဝနှင့် ပတ်သက်၍ ဆဝါးမှန်းဆ၊ ချိန်ထိုးသုံးသပ်နိုင်ပါမည်။ ထို့အတူ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့်ဒေသအချို့မှ ဒေသခံပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများက အတိတ်ကာလကဲ့သို့ပင် ၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့် အစွန်းရောက်နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံဝန်ထမ်းနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ကိုယ်တွေ့တွေ့ကြုံခံစားခဲ့ကြရသည့်အလျောက် ကြာကြာဝါးမှခါးမှန်းသိလာ"**

# ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၌ ကျောင်းသား ကျောင်းသူများက Project ပေါင်း ၄၇ ခု ပါဝင်ယှဉ်ပြိုင်ပြသ



**ဘားအံ အောက်တိုဘာ ၂၂**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ရှိ ကျောင်းသား ကျောင်းသူများ၏ နည်းပညာ တတ်မြောက်ကျွမ်းကျင်မှုကိုပြသရန်၊ ပရောဂျက် အခြေပြုသင်ယူမှုကိုမြှင့်တင်ရန်၊ Project တည်ဆောက်နိုင်သည့်စွမ်းရည်မြင့်မားစေရန်၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုစွမ်းရည်တိုးတက်စေရန်နှင့် နည်းပညာပြိုင်ဆိုင်မှုရှိသောနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စေရန်အတွက် Project Show 2025 ပြပွဲနှင့် ပြိုင်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက Project ပေါင်း ၄၇ ခုဖြင့် ပါဝင်ယှဉ်ပြိုင်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ Project Show ပြပွဲနှင့်ပြိုင်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကွန်ပျူတာပညာရပ်နှင့် ဆက်စပ်သောအသင်းအဖွဲ့များ၊ ကုမ္ပဏီများ တက်ရောက်အားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်သည့် Project- based Learning ၏ ရလဒ်များဖြစ်သည့် စွမ်းရည်နှင့် တီထွင်ဖန်တီးမှုကိုပြသသော Hardware Project ရှစ်ခု၊ Software Project ၃၉ ခု စုစုပေါင်း Project ၄၇ ခုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကာ(**အပေါ်ပုံ**) ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ၎င်းတို့၏ စိတ်ကူးစိတ်သန်း၊ ကြိုးစားအားထုတ်မှုနှင့် တီထွင်ဖန်တီးနိုင်မှုတို့ကို မေးမြန်းကြည့်ရှုလေ့လာ၍ နှစ်သက်ရာ Project များကို မဲပေးကြသည်။

ထို့နောက် Project Show 2025 ပြပွဲနှင့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့်အားပေးချီးမြှင့်မှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအားလုံးကို ထူးချွန်ထက်မြက်သည့် နည်းပညာကျွမ်းကျင်ပညာရှင်များဖြစ်ရန်နှင့် တီထွင်ဖန်တီးနိုင်မှုဖြင့် ရှင်သန်ကြီးထွားသည့်ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်က Project Show 2025 ပြပွဲနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် ငါးသိန်းကို ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပါမောက္ခချုပ်ထံ ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ကရင်ပြည်နယ်ကွန်ပျူတာအသင်းဥက္ကဋ္ဌတို့က Project Show 2025 ပြပွဲနှင့်ပြိုင်ပွဲတွင် Software Project ပထမ၊ ဒုတိယ၊ တတိယနှင့် ပရိသတ်ရွေးချယ်သည့် People Choice Award ဆု၊ Hardware Project ပထမ၊ ဒုတိယ၊ တတိယနှင့် ပရိသတ်ရွေးချယ်သည့် People Choice Award ဆုများနှင့် အထူးဆုများကို ပေးအပ်ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**စစ်တွေ အောက်တိုဘာ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းခဲ့သည့် ရေသယ်မော်တော်ယာဉ်နှင့် ကရိန်းယာဉ်များ စမ်းသပ်မောင်းနှင်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တန်ဆောင်တိုင်ပွဲတော်တွင် ဆွမ်းတော်ကြီးလောင်းလှူပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့်အတူ စတုဒိသာကျွေးမွေးညှော်ခံပွဲ၊ ဆီမီးပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် စက်ရုံစုရပ်ကွက် ကန်တော်ကြီးအနီးတွင် စစ်တွေမြို့ အထူးသန့်ရှင်းရေးအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်နေမှု၊ စစ်တွေမြို့ အနောက်စံပြရပ်ကွက်ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဂိုဒေါင်နှစ်လုံးတွင် ဆန်နှင့်အခြားထောက်ပံ့ပစ္စည်းများ သိုလှောင်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး(**အပေါ်ပုံ**) ပြည်နယ်ဝန်ကြီးချုပ်က ဂိုဒေါင်အတွင်း သိုလှောင်ထားသော ဆန်ရိက္ခာအပါအဝင် အခြားသောပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်ကြရန်နှင့် ဂိုဒေါင်လုံခြုံရေး၊ မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်သည် ယမန်နေ့ နံနက်ပိုင်းက စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘော၊ အမ်ဗွီရဲထွန်းအောင်(၃)သင်္ဘောတို့ဖြင့် ရန်ကုန်မြို့မှ ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

စစ်တွေမြို့၌ ကုန်တင်ကုန်ချပြုလုပ်နေသော အမ်ဗွီအောင်ရတနာသီရိ(၁)သင်္ဘောတွင် ဆန်နှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၅၁၀ ဒသမ ၆ တန်တင်ဆောင်၍လည်းကောင်း၊ အမ်ဗွီရဲထွန်းအောင်(၃)သင်္ဘောတွင် ဆန်နှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ တန်ချိန် ၁၁၁၈ ဒသမ ၂ တန်တင်ဆောင်၍လည်းကောင်း စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်း အမှတ်စဉ် (၄၈) သင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ဒုတိယပိုင်း) သင်တန်း အမှတ်စဉ် (၄၈) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦးက သင်တန်းသားများသည် မကြာမီကာလအတွင်း စာရင်းပညာရှင်များအဖြစ် ရပ်တည်ဆောင်ရွက်သွားကြရမည့်သူများဖြစ်သဖြင့် သင်တန်းမှပို့ချမှုများကို အလေးအနက်ထား၍ သင်ယူကြစေလိုပါကြောင်း၊ ပညာရှင်နှင့် လျော်ညီသည့် လုပ်ငန်းကျွမ်းကျင်မှုနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အရည်အချင်းများပြည့်ဝနေရန် လိုအပ်သည့်အပြင် နည်းပညာဆိုင်ရာ တိုးတက်မှုများကိုလည်း အမြဲမပြတ် လေ့လာဆည်းပူးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းပညာကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်သည့် စာရင်းပညာရှင်များဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ ရန်ကုန်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ရန်ကုန်၌ အောက်တိုဘာ ၂၅ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ Online ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ခိုလမ်မြို့ မဟာဗောဓိပရဟိတကျောင်းတိုက်၌တည်ထားကိုးကွယ်မည့် မဟာဗောဓိအောင်တော်မူစေတီတော်မြတ်ကြီး၏ အုတ်မြစ်တော်စီမင်္ဂလာပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ မဟာဗောဓိကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်မည့် "မဟာဗောဓိအောင်တော်မူ"စေတီတော်မြတ်ကြီး၏ ရတနာအုတ်မြစ်တော်စီမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရတနာအုတ်မြစ်တော်စီ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တာဝန်ရှိသူများက မဟာဗောဓိကျောင်းတိုက် ဆရာတော်ထံ ရွှေအုတ်၊ ငွေအုတ်၊ ရတနာအုတ်များ ကပ်လှူကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဦးဆောင်၍ တက်ရောက်လာကြသူများက "မဟာဗောဓိအောင်တော်မူ"စေတီတော်မြတ်ကြီးတည်ထားကိုးကွယ်မည့်နေရာတွင် ရတနာအုတ်မြစ်များ စီခြယ်ပူဇော်ကြပြီး အမွှေးနံ့သာရည်များပက်ဖျန်း၍ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



◆ *ကျောဖုံးမှ*

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေ အရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၆၀၇ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ်တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင် စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျောင်းသား ကျောင်းသူများ ပညာသင်ကြားစဉ်။



ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်စဉ်။

○ *ကျောဖုံးမှ*

အက်သလက်တီကို မက်ဒရစ်အသင်းသည် အားထားရသည့် ကစားသမား အများအပြားဖြင့် အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သော်လည်း အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ထိန်းချုပ်ကစားမှုအောက်တွင်သာ ပွဲကစားချိန်အများစု ရုန်းကန်ခဲ့ရသည်။

အာဆင်နယ် အသင်းသည် အက်သလက်တီကို မက်ဒရက်အသင်းဘက်သို့ ဂိုးကန်သွင်းမှုအသာနှင့်အတူ ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု ခြောက်ကြိမ်ထက်မနည်းရှိခဲ့ပြီး လေးကြိမ်လွဲချော်ခဲ့သည်။ အာဆင်အသင်းတိုက်စစ်ကစားသမား ယိုကာရက်ဇ်ခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစား သုံးပွဲနိုင် ရမှတ် ကိုးမှတ် ရရှိထားသည်။ ပြိုင်ဘက်အက်သလက်တီကို မက်ဒရစ်အသင်း သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ရရှိထားသည်။

အခြားပွဲစဉ် ရလဒ်များတွင် ဘာစီလိုနာက အိုလံပီယာကော့စ်ကို ခြောက်ဂိုး-တစ်ဂိုး၊ ပီအက်စ်ဂျီက လေဗာကူဆင်ကို ခုနစ်ဂိုး-နှစ်ဂိုး၊ ဒေါ့မွန်က ကိုပင်ဟေဂင်ကို လေးဂိုး-နှစ်ဂိုး၊ နယူးကာဆယ်က ဘင်ဖီကာကို သုံးဂိုး-ဂိုးမရှိ၊ ပီအက်စ်ဗွီက နာပိုလီကို ခြောက်ဂိုး-နှစ်ဂိုး၊ အင်တာမီလန်က ယူနီယံစိန့်ကို လေးဂိုး-ဂိုးမရှိ၊ မန်စီးတီးက ဗီလာရီးရဲကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

## ရဲရွာ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၂**

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကို ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် ရဲရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဟောပြောပွဲတွင် ရဲရွာကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်မြင့်က အမှာစကားပြောကြားပြီး မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ၊ စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့်အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။ ထို့နောက် စာရေးဆရာကိုရွှေအောင်သင်းက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ၊ တမီးနာဒူးကမ်းလွန်)တွင် ဖြစ်ပေါ်နေသောအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး(KK Park) နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံခြားသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့အချိန်ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံမှ တစ်ဆင့် နယ်စပ်ကိုဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား အမျိုးသား ၈၇၃၀ ဦးနှင့် အမျိုးသမီး ၇၉၆ ဦး စုစုပေါင်း ၉၅၂၆ ဦး၊ မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်လေဆိပ်မှ တရားဝင် ဝင်ရောက်လာပြီး မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မဲ့ထော်သလေး (KK Park) နယ်မြေများသို့ ရောက်ရှိသွားသည့် နိုင်ငံခြားသားအမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး ၁ ဦး စုစုပေါင်း ၄၅ ဦးတို့ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သဖြင့် စုစုပေါင်း နိုင်ငံပေါင်း ၄၀ နိုင်ငံမှ နိုင်ငံခြားသား အမျိုးသား ၈၇၇၄ ဦးနှင့် အမျိုးသမီး ၇၉၇ ဦး၊စုစုပေါင်း ၉၅၇၁ ဦးဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားသားများအား ၎င်းတို့ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့်ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများအား အမြန်ဆုံးဆောင်ရွက်၍ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင့်လွှဲပြောင်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နိုင်ငံခြားသား အမျိုးသား ၈၅၆၀ ဦး၊ အမျိုးသမီး ၇၇၉ ဦး၊ စုစုပေါင်း ၉၃၃၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများဖြင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ကျန်ရှိနေသည့် ပြည်ပနိုင်ငံသား အမျိုးသား ၁၉၄ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၁၂ ဦးတို့ကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အောက်တိုဘာ ၂၂ ရက်က ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅) ရှိ HTOO စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းများအား အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

ဘုန်းမြတ်

## အုတ်တွင်းမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား မြေပဲမျိုးနှင့်သွင်းအားစုများ ပေးအပ်

**အုတ်တွင်း အောက်တိုဘာ ၂၂**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံမြေပဲစိုက်ပျိုးမည့် အသင်းလေးသင်း၊ အသင်းသား ၁၉၀ ၏ စိုက်ဧက ၁၀၀၀ အတွက် အသင်းပိုင်အစီအစဉ်ဖြင့် သီးနှံပေါ်ပေးစနစ် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းနှင့်ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အုတ်တွင်းမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အုတ်တွင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထားထားအေးက ဆောင်းဆီထွက်သီးနှံ(မြေပဲ)စိုက်ပျိုးမှုပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများကို ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက



သမဝါယမအသင်းသားတောင်သူများအတွက် မြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သရက်မြို့နယ်၌ မိုးစပါး(အောင်နိုင်တိုး)စံကွက်ရိတ်သိမ်း၊ တစ်ဧက တင်း ၁၄၀ ထွက်ရှိ

**သရက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကိုးပင်အုပ်စု မုဠလီကျေးရွာ၌ ကွင်းအမှတ်(၅၂) ဦးပိုင် (၂၅၃) တောင်သူဦးလှသိန်း၏ လယ်မြေတစ်ဧက၌ မိုးစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်ထိုက်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက အစိုတင်း ၁၄၀၊ အခြောက် ၁၂၆ တင်း ထွက်ရှိကြောင်း၊ အောင်နိုင်တိုးစပါးကို ယခင်နှစ်က မစိုက်ပျိုးဘဲ ယခု ၂၀၂၅-၂၀၂၆ ခုနှစ်တွင်စ၍ စိုက်ပျိုးခဲ့ရာ စိုက်ဧက ၂၀၁ ဧကရှိပြီး ယခုနှစ်တွင် အောင်နိုင်တိုး ဧက ၂၀ စံပြကွက် စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များထက် အထွက်နှုန်း သိသာစွာပိုထွက်ရှိခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## လပွတ္တာမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကျင်းပ

**လပွတ္တာ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ပြေစာအပေါ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က လပွတ္တာမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် လပွတ္တာမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးရဲခေါင်ထွန်းက ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များ၊ အခွန်အကြောင်း သိကောင်းစရာများ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် အခွန်ခုနှိမ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တည်ဆဲအခွန်များဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



## ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေး အသိပညာပေး

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါဝင်းမြိုင်နှင့် စာရေးဆရာ မောင်မောက်(ဝတ်လုံ) တို့က အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကျင်းပခဲ့သည်။

ဦးစွာ စာရေးဆရာ မောင်မောက် (ဝတ်လုံ) က ကလေးသူငယ်ဟူသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အသက်(၁၈)နှစ် မပြည့်သေးသူများအား ကလေးသူငယ်ဟု သတ်မှတ်ကြောင်း၊ တပ်မတော်သို့ စစ်သည်တစ်ဦးအဖြစ် ဝင်ရောက်မည်ဆိုပါက တပ်မတော်အက်ဥပဒေအရ အသက်၊ အရပ်အမောင်း၊ ကိုယ်အလေးချိန်၊ ကျန်းမာသန်စွမ်းမှု၊ စိတ်ကျန်းမာမှု၊ ပညာအရည်အချင်း စသည်တို့အား စစ်ဆေးကြောင်း၊ သတ်မှတ်ထားသည့် အသက်မပြည့်သေးသည့် လူငယ်များ တပ်မတော်သို့ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းရောက်ရှိလာပါက တပ်မတော်က မိဘ/အုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြောင်း ဆွေးနွေးခဲ့သည်။

**ဇော်မိုး (သဃ်န်းကျွန်း)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ယူရို သန်း ၉၀ ခန့်ရှိ ရတနာပစ္စည်းများ ခိုးယူခံရမှုဖြစ်ပွားပြီးနောက် သုံးရက်အကြာတွင် ပြင်သစ်နိုင်ငံ လူဗာပြတိုက်ကို ပြန်လည်ဖွင့်လှစ်



**ပါရီ အောက်တိုဘာ ၂၂**
ပြင်သစ်နိုင်ငံ လူဗာပြတိုက်တွင် ရတနာပစ္စည်းများ ခိုးယူခံရမှုဖြစ်ပွားပြီး သုံးရက်အကြာ အောက်တိုဘာ ၂၂ ရက်တွင် အဆိုပါပြတိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ခိုးယူမှုဖြစ်ပွားခဲ့သည့် အပိုလိုပြခန်းကို ပိတ်ထားဆဲဖြစ်ကြောင်း ပြတိုက်တာဝန်ရှိသူများက ပြောသည်။

ထိုသို့ ခိုးယူခံထားရသည့် ရတနာပစ္စည်းများ၏တန်ဖိုးမှာ ယူရိုသန်း ၉၀ နီးပါးရှိသည်ဟု ပြတိုက်တာဝန်ရှိသူများကခန့်မှန်းထားကြောင်း ပါရီအစိုးရရှေ့နေ လော်ရာဘတ်ကူရာက အောက်တိုဘာ ၂၁ ရက်တွင် ပြောသည်။

ပျက်စီးဆုံးရှုံးမှုများမှာ ယူရို ၈၈ သန်းခန့် ရှိမည်ဟု ၎င်းက ခန့်မှန်းထားပြီး သမိုင်းတန်ဖိုးဆုံးရှုံးမှုများနှင့် နှိုင်းယှဉ်၍မရဟု ၎င်းကဆက်ပြောသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က သူခိုးများသည် ပြတိုက်အတွင်းသို့ ဝင်ရောက်ကာ ခင်းကျင်းပြသထားသည့် ရတနာပစ္စည်းများကို ခိုးယူခဲ့သည်။

ယူဆောင်သွားသောပစ္စည်းများထဲတွင် နပိုလီယံ၏ ပစ္စည်းများထဲမှ သရဖူတစ်ခုနှင့်လည်ဆွဲတို့ ပါဝင်သည်။ ခိုးယူမှုကျူးလွန်ခဲ့သည့် ဖောက်ထွင်းသမားလေးဦးမှာ လွတ်မြောက်နေဆဲဖြစ်သည်။

ခိုးယူခံထားရသည့် ပစ္စည်းများပြန်လည်ရရှိရေးနှင့်သံသယရှိသူများကို ခြေရာခံမိရေးစုံစမ်းစစ်ဆေးသူ ၁၀၀ ခန့်ကို တာဝန်ပေးထားကြောင်း သိရသည်။ ခိုးယူသူများဖမ်းမိရေး လုပ်ဆောင်နိုင်သမျှအားလုံး လုပ်ဆောင်သွားမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောသည်။ **ဆင်ဟွာ၊အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှု ကန်ဒေါ်လာ ၁၂ ဘီလီယံကျော်လာ

**ဖနောင်ပင် အောက်တိုဘာ ၂၂**
ကမ္ဘောဒီးယားနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ယခုနှစ် ပထမ ကိုးလအတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၈ ဘီလီယံအထိ ရောက်ရှိခဲ့ရာ ယမန်နှစ်ကထက် ၄ ဒသမ ၇၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း တရားဝင်အစီရင်ခံစာ တစ်စောင်က အောက်တိုဘာ ၂၂ ရက်တွင် ဖော်ပြထားသည်။

**၁၇ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်**

ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း အာဆီယံနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၇ ဘီလီယံတန်ဖိုးရှိ ထုတ်ကုန်များကို တင်ပို့ခဲ့ရာ ယမန်နှစ်ကထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်မှုရှိကြောင်း စုစုပေါင်းတင်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၁ ဘီလီယံရှိပြီး ၁ ဒသမ ၃၅ ရာခိုင်နှုန်း ကျဆင်းမှုရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။




**ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှာ ၄၇ ဒသမ ၈၉ ဘီလီယံရှိ**

ယခုနှစ် ပထမကိုးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းမှာ ၄၇ ဒသမ ၈၉ ဘီလီယံရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုမှာ ၂၅ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အာဆီယံနိုင်ငံများ အနက် ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံ ငါးနိုင်ငံရှိပြီး ယင်းမှာ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်သည်။ **ဆင်ဟွာ**

## ယခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၂၅၀ ကျော်ရှိ

**ဒါကာ အောက်တိုဘာ ၂၂**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အောက်တိုဘာ ၂၁ ရက်က သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၈၁၄ ဦးတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဝန်ဆောင်မှုဌာနက ပြောသည်။

နောက်ထပ်ကူးစက်ခံရသူများပါ ထည့်ပေါင်းလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၆၁၆၀၅ ဦးရှိလာပြီဟု ကျန်းမာရေးဝန်ဆောင်မှုဌာနက ပြောသည်။ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူဦးရေမှာလည်း ယခုနှစ်အတွင်း ၂၅၃ ဦးရှိလာပြီဖြစ်သည်။

အောက်တိုဘာလအတွင်း သွေးလွန်တုပ်ကွေးကူးစက်ခံရသူ ၁၄၂၆၃ ဦးရှိပြီး စက်တင်ဘာလအတွင်းက ကူးစက်ခံရသူ ၁၅၈၆၆ ဦးရှိသည်ဟု ကျန်းမာရေးဝန်ဆောင်မှုဌာနက အတည်ပြုထားသည်။ ထို့ပြင် အောက်တိုဘာလအတွင်း သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူ ၅၅ ဦးရှိပြီး စက်တင်ဘာလတွင် ၇၆ ဦးရှိသည်ဟု သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ပုံမှန်အားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုတ်သုန်ရာသီအစပြုရာ ဇွန်လမှ စက်တင်ဘာလအတွင်း ဖြစ်ပွားလေ့ရှိပြီး ယခုအခါတွင်မူ ယင်းကာလထက်ကျော်လွန်၍ ကူးစက်မှုဖြစ်ပွားလျက်ရှိသည်။ **ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၏ လေထုအရည်အသွေး အလွန်ဆိုးရွားသောအဆင့်သို့ ဆက်လက်ရောက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၂**
အောက်တိုဘာ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၏ လေထုအရည်အသွေးသည် အလွန်ဆိုးရွားသောအဆင့်သို့ ဆက်လက်ရောက်ရှိနေသည်ဟု ဗဟိုညစ်ညမ်းမှုထိန်းချုပ်ရေးအဖွဲ့က ပြောကြားလိုက်သည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီ ထုတ်ပြန်ချက်အရ ဒေလီ၏ အနောက်တောင်ဘက်တွင်ရှိသော အာရ်ကေပူရမ်ဒေသ၏ လေထုအရည်အသွေးအညွှန်းကိန်းသည် ၃၈၀ ခန့်ရှိပြီး အာနက်ဗီဟာနှင့် အာရှော့ဗီဟာဒေသများတွင် လေထုအရည်အသွေးသည် ၃၅၅ အထိ ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၂ ရက်သည် ဒေလီဒေသခံများအတွက် လေထုအရည်အသွေး အလွန်ဆိုးရွားမှုကိုခံစားရသည့် နှစ်ရက်မြောက်နေ့ဖြစ်သည်။ လွန်ခဲ့သော နှစ်ရက်တွင် ဒေသခံများသည် ဟိန္ဒူရိုးရာမီးထွန်းပွဲတော်ဖြစ်သည့် ဒေဝါလီ သို့မဟုတ် ဒီပါဝလီနေ့အထိမ်းအမှတ်အဖြစ် တရားရုံးချုပ်က သတ်မှတ်ထားသည့် နှစ်နာရီထက်ကျော်လွန်၍ မီးရှူးမီးပန်းများပစ်လွှတ်ခဲ့သည်။ ထိုကဲ့သို့ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းကလည်း လေထုအရည်အသွေးကျဆင်းစေသည့် အကြောင်းရင်းတစ်ချက်ဖြစ်နိုင်သည်။

လေထုအရည်အသွေးထိန်းချုပ်စောင့်ကြည့်ရေး စခန်း ၃၈ ခု ရှိသည့်အနက် ၃၄ ခုသည် အနီရောင်အဆင့်ကို ပြသနေပြီး လေထုအရည်အသွေး အလွန်ဆိုးရွားလျက်ရှိကြောင်း ဖော်ပြထားသည်။ လက်ရှိတွင် အာဏာပိုင်များသည် မြို့တော်ဒေလီဝန်းကျင်ဒေသ၌ အဆင့်လိုက်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံကိန်းအဆင့်-၂ အရ ကန့်သတ်ချက်များ ချမှတ်ထားသည်။ များပြားလှသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့်အတူ စက်မှုလုပ်ငန်းများနှင့် မော်တော်ယာဉ်များသည် လေထုညစ်ညမ်းမှုကို သိသိသာသာဖြစ်စေသည့် အကြောင်းတရားများဖြစ်သည်။ **ဆင်ဟွာ**

## နိုင်ဂျီးရီးယား၌ တိမ်းမှောက်ယာဉ်မှ စက်သုံးဆီများခပ်ယူရန် ကြိုးပမ်းစဉ် ပေါက်ကွဲမှုဖြစ်ပွား၊ ၃၅ ဦး သေဆုံး

**အဘူဂျာ အောက်တိုဘာ ၂၂**
နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း နိုင်ဂျာပြည်နယ်၌ စက်သုံးဆီတင်ယာဉ် တိမ်းမှောက်ပြီး ပေါက်ကွဲမှု ဖြစ်ပွားသောကြောင့် ၃၅ ဦးထက်မနည်း သေဆုံးပြီး ၄၆ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသတာဝန်ရှိသူများက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ဂျာပြည်နယ် ကတ်ချာဒေသန္တရအစိုးရဒေသရှိ အက်ဆာကျေးရွာမှ ဒေသခံအချို့မှာ တိမ်းမှောက်သွားသော စက်သုံးဆီတင်ယာဉ်မှ စက်သုံးဆီများ ခပ်ယူရန်ကြိုးပမ်းစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လမ်းဘေးအန္တရာယ်ကင်းရှင်းရေးအဖွဲ့မှ တာဝန်ရှိသူ အိုင်းရှက်တူဆာအာဒူက ပြောကြားသည်။

ရဲတပ်ဖွဲ့၏ ပဏာမစုံစမ်းစစ်ဆေးချက်အရ စက်သုံးဆီတင်ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့် တိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ ပြင်းထန်သော မီးလောင်ဒဏ်ရာ ရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ဂျာပြည်နယ် အုပ်ချုပ်ရေးမှူး မိုဟာမက်အူမာဘာဂိုက အဆိုပါ ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးနှင့်ပတ်သက်ပြီး ပြည်သူလူထုနှင့် ပြည်နယ်အစိုးရအတွက် နောက်ထပ်နာကျင်ခံစားရပြီး ခက်ခဲသည့် အခိုက်အတန့်တစ်ခုဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက်ညပိုင်းက ထုတ်ပြန်သည့် ကြေညာချက်တွင် ပြောကြားထားသည်။ **ဆင်ဟွာ**



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ချမ်းမြသာစည်မြို့နယ်၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပြပွဲ/ပြိုင်ပွဲများ ကျင်းပ

**ချမ်းမြသာစည် အောက်တိုဘာ ၂၂**
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုအဖြစ် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ အသိပညာပေး ဟောပြောပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။(ဓါတ်ပုံ)



ဦးစွာ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ၊ အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် ကလေးများအနေဖြင့် နေ့ထူးနေ့မြတ်များကို အစဉ်အမြဲ အမှတ်ရနေစေရန် ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမှတ် (၂၃) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသားကျောင်းသူများက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ၁၄ ဦး၊ ပုံပြောပြိုင်ပွဲတွင် ၁၀ ဦး၊ အမျိုးသားနေ့ ဒို့မမေ့ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဦးစီးအရာရှိဒေါ်ခင်စိမ်းဝင်း၊ ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်နှင့် တာဝန်ခံကြီးကြပ် ဆရာမ များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**



စလင်းမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၁ ရက်က စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးနန်းဦးမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဒုတိယဦးစီးမှူး၊ ဦးထွန်းလင်းစံနှင့်သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ ဈေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ စုပေါင်း၍ မြို့မဈေးကြီးရှိ ဈေးဆိုင်ခန်းများ၌ မီးသတ်ဆေးဘူးများနှင့် အရေးပေါ်မီးငြိမ်းသတ် ပစ္စည်းများ စနစ်တကျပြင်ဆင်ထားရှိမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးစဉ်။ မောင်လွင်(စလင်း)

## မကူးစက်နိုင်သောရောဂါများ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ အောက်တိုဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများသည် မကူးစက်နိုင်သော ရောဂါများ ကာကွယ်ကုသခြင်းလုပ်ငန်း (NCD clinic) ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ငဖြူကလေး ကျေးလက်ကျန်းမာရေးဌာန၌ ဆေးကုသပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆေးကုသမှုပေးရာတွင် ငဖြူကလေး ကျေးလက်ကျန်းမာရေး ဝန်ထမ်းများက သက်ကြီးပုဂ္ဂိုလ် ၃၀ အား ကျန်းမာရေး စစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချိုစစ်ဆေးခြင်းနှင့် လိုအပ်သောဆေးဝါးများ ပေးခြင်းစသည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးသည်။

ထို့အပြင် ကျန်းမာရေး အသိပညာပေး အစီအစဉ်တွင် သက်ကြီး ပုဂ္ဂိုလ်များအတွက် သွေးတိုးနှင့် ဆီးချိုရောဂါအကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အာဟာရအရေးကြီးမှုများ အကြောင်း ဆွေးနွေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၂ ရက်က ရန်အောင်မြင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြည်သူများ သိရှိလိုက်နာနိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များက သတိပေးလှည့်လည်ဆော်ဩစဉ်။

မြို့နယ်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဥတ္တရသီရိမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး နည်းပညာပေးဆွေးနွေး

**ဥတ္တရသီရိ အောက်တိုဘာ ၂၂**

ဥတ္တရသီရိမြို့နယ်အတွင်း သီးနှံများ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ထွက်ရှိလာသော စိုက်ပျိုးသီးနှံထွက်ကုန်များ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေး နည်းပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက်က မရမ်းခုံကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်က နည်းပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာ ပညာရှင်များဖြစ်ကြသည့် ဒေါက်တာဝင်းသန်းနှင့် အဖွဲ့များက တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်သော သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးရေး၊ မြေဆီလွှာစီမံခန့်ခွဲရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေးနှင့် ဓာတ်မြေဩဇာများ အကျိုးရှိစွာ အသုံးပြုရေး၊ သီးနှံဖျက်ပိုးများအား ဘက်စုံကာကွယ်ရေး နည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရေး တို့ကို နည်းပညာပေး ဆွေးနွေးခဲ့သည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



## မိုင်းဖြတ်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မိုင်းဖြတ် အောက်တိုဘာ ၂၂**

မိုင်းဖြတ်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရေး လိုက်နာကျင့်သုံးရမည့်အချက်များ၊ ယနေ့ခေတ်လူငယ်၏ အနာဂတ်၊ လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ဒေါ်နန်းကောင်ခမ်း(စာကြည့်တိုက်လက်ထောက်-၃) က ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်စာပေများကို အခမဲ့ ငှားရမ်းဖတ်ရှုနိုင်ရေး၊ ကျောင်းစာအပြင် အခြားစာပေများကိုပါ လေ့လာဖတ်ရှုနိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**သထုံ အောက်တိုဘာ ၂၂**

သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းတို့ကို အောက်တိုဘာ ၂၁ ရက်က သထုံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး တက်ထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက် စသည့် အခြေခံစားသောက်ကုန်များကို ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## မိုင်းပျဉ်းမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းပျဉ်း အောက်တိုဘာ ၂၂**

မိုင်းပျဉ်းမြို့နယ်၌ နယ်လှည့်ဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၂၁ ရက်က အမက(မိုင်းပျဉ်း)ကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းသန္တာဦးက စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများ၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး အကြောင်းတို့ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးသော်နှင့် ဦးစီးမှူး ဦးစောရန်အောင်တို့က သဘာဝဘေးအန္တရာယ်အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဘေးအန္တရာယ်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ စာဖတ်ရှုနိုင်မြင့်တင်ရေး အသိပညာပေးဟောပြော

**ရွှေတောင် အောက်တိုဘာ ၂၂**

ရွှေတောင်မြို့နယ်၌ စာဖတ်ရှုနိုင်မြင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က အမက (ကမ်းတင်ကျောင်း)နှင့် အမက (စိုက်ပျိုးရေးရွာသစ်ကျောင်း)တို့၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ဖြစ်စဉ်များ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ တွေ့ကြုံနေရသည့် လူကုန်ကူးမှုအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇင်မာချောစုကြည်က စားသုံးသူနှင့်အဓိပ္ပာယ်၊ ကုန်ညွှန်းအမှတ်အသား (၈)ချက်အကြောင်းကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်နီလာမြင့်က သနပ်ခါးပင်၏ ကောင်းကျိုးများအကြောင်း၊ ဩဇာသီး၏ အသုံးဝင်ပုံအကြောင်း၊ သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးများနှင့် တိုင်းရင်းဆေးပညာ၏ အသုံးဝင်ပုံအကြောင်းတို့ကို ဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ရွှေဝတ်ရည်တိုးက ကစားမက်တဲ့ရွှေငါးလေး ခေါင်းစဉ်ဖြင့် စက္ကူပြဇာတ် ရုပ်ပုံစာအုပ်ဖြင့် ပုံပြင်ပြောခြင်းကို ဆောင်ရွက်ခဲ့သည်။ **ကိုကိုမင်း(ပြန်/ဆက်)**



## ကိုကိုးကျွန်းမြို့နယ်၌ စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ကိုကိုးကျွန်း အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် အောက်တိုဘာ ၂၁ ရက်က အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် တစ်ဦးလျှင် ၅၀ ကျပ်သားစီ ရောင်းချပေးရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက လာရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



ကော့မှူးမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ ကပ်ထားကြေညာမှုများကို အောက်တိုဘာ ၂၀ ရက်က ပြည်သူများ လာရောက်ကြည့်ရှုကြစဉ်။ ကျော်သူရ(ကော့မှူး)

## ကျွန်းစုမြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ကျွန်းစု အောက်တိုဘာ ၂၂**

ကျွန်းစုမြို့နယ်၌ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို အောက်တိုဘာ ၂၀ ရက်က ကပကျေးရွာ (Smart Village)၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းသန္တာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ချောကလက်ဒိုးနတ်၊ တူနာငါးညှပ်ပေါင်မုန့်၊ မွေးနေ့ကိတ်၊ ငှက်ပျောသီးကိတ်၊ ပျားရည်အလွှာကိတ်၊ မာဖင်၊ ပူတင်းခွက်၊ အုန်းနံ့ကထိုင်၊ ပဲချောင်းအစိမ့်၊ ရေတ်သီးနှမ်းကပ်ကြော်၊ ထောပတ်ကွတ်ကီး အပါအဝင် ကွတ်ကီးအမျိုးမျိုး၊ ဒူးရင်းသီးအနှစ်ပါသည့် မုန့်/ပေါင်မုန့် စသည့် စားသောက်ကုန် ၁၇ မျိုး ပြုလုပ်နည်းများကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ သင်တန်းသူ ၂၀ အား စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ **ထက်မြင့်(ကျွန်းစု)**

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်



**ကျိုက်ထို အောက်တိုဘာ ၂၂**

ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၁ ရက်က ပျဉ်းမစခန်းကျေးရွာရှိ အမက နောင်ဘိုကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့ရီက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးယုဝေက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာ အသုံးပြုရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှုများကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**



## ပခုက္ကူမြို့၌ အသက် ၁၅ နှစ်အောက် သာမဏေ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများအား SIA ကာကွယ်ဆေးထိုးနှံ

**ပခုက္ကူ အောက်တိုဘာ ၂၂**

ပခုက္ကူမြို့ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများရှိ အသက် ၁၅ နှစ်အောက် သာမဏေ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများအား Special Immunization Activity (SIA) ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံတိုက်ကျွေးခြင်းကို အောက်တိုဘာ ၂၁ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ပေါ်ရပ်ကွက်ရှိ မဟာဝိဇယာရာမပါဠိတက္ကသိုလ်(အရှေ့)တိုက်၊ တိလောကရာမကျောင်းတိုက်၊ မင်္ဂလာရပ်စုံကျောင်းတိုက်၊ ကိန္နရာတောင်ကျောင်းတိုက်နှင့် သီတာသေီလရှင်ကျောင်းတို့ထံ ကွင်းဆင်း၍ အသက် ၁၅ နှစ်အောက် သာမဏေ၊သီလရှင်များနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၂၃ ဦးအား Special Immunization Activity (SIA) ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## ဒေးဒရဲမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြော

**ဒေးဒရဲ အောက်တိုဘာ ၂၂**

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။




ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရေးအတွက် ဟောပြောပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် သင်တန်းများ ကျင်းပပေးလျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မော်မော်အောင်က ရာသီအလိုက်ဖြစ်ပွားတတ်သည့်သဘာဝဘေးအန္တရာယ်များ၊ နွေရာသီကာလ ဖြစ်ပွားနိုင်သည့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်နှင့် အပူဒဏ်အန္တရာယ်များအား သတိပြုရှောင်ရှားရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

## မိုင်းရယ်မြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်း

**မိုင်းရယ် အောက်တိုဘာ ၂၂**

မိုင်းရယ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၁ ရက်က အမှတ်(၁)ရပ်ကွက် ကွင်းအမှတ်(၁) ဦးပိုင်အမှတ်(၅) တောင်သူ ဦးလိုင်းဆယ်သား၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြပြီး ကောင်း၊ သင့်၊ ညံ့ စံကွက်သုံးကွက် ရိတ်သိမ်းခဲ့ရာ ၈၈၁ စပါးမျိုး



တစ်ဧကလျှင် အစိုထွက် ၁၃၀ ဒသမ ၃၁ တင်း၊ အခြောက်ထွက် ၁၀၉ ဒသမ ၃၇ တင်း ထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းပြင်ပပညာရေး (မူလတန်းနှင့် အလယ်တန်း) ဖွင့်လှစ်သင်ကြား

**ကသာ အောက်တိုဘာ ၂၂**

ကသာမြို့နယ် ရေဝန်းကျောင်းတိုက်၌ ၂၀၂၅ ပညာသင်နှစ် ကျောင်းပြင်ပပညာရေး (မူလတန်းနှင့် အလယ်တန်း) ဖွင့်လှစ်သင်ကြားနေမှုကို အောက်တိုဘာ ၂၁ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် ခရိုင်တာဝန်ခံပညာရေးမှူး ဦးမြင့်စိုး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် ရေဝန်းကျောင်းဆရာတော်အား အလှူငွေကျပ် တစ်သိန်း လှူဒါန်းပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြော



**တိုက်ကြီး အောက်တိုဘာ ၂၂**

တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က မူလွန်(လသာကုန်း)နှင့် မူလွန်(တိုက်ကြီးကုန်း)တို့၌ ကျင်းပသည်။

ဦးစွာသက်ဆိုင်ရာကျောင်းအုပ်ကြီးများက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ၊ သဘာဝဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီးကာလများ၌ ဆောင်ရန်၊ ရှောင်ရန်များ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ပြသခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်

**မိတ္ထီလာ အောက်တိုဘာ ၂၂**

မိတ္ထီလာမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာရေးဆရာအသင်းမှ အတွင်းရေးမှူး ကဗျာဆရာ ကြည်သိန်းဇော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ ပညာပြည့်ဝ နှလုံးလှ၊ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်များအနက်မှ မဲနှိုက်၍ ကျရာခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်အောင်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများ စားသုံးဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး

**မြန်အောင် အောက်တိုဘာ ၂၂**

မြန်အောင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား တစ်ဦးလျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်းဖြင့် ပိဿာ ၁၁၀ ရောင်းချပေးရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ သင်္ချာဉာဏ်စမ်း ပြိုင်ပွဲကျင်းပ

**သရက်ချောင်း အောက်တိုဘာ ၂၂**

သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ အောက်တိုဘာ ၂၁ ရက်က စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် သင်္ချာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရာ သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းခလိုက်ရှုက ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာအုပ်၊ စာပေဖတ်ရှုခြင်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်္ချာဉာဏ်စမ်းပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာ(အထက)သရက်ချောင်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းနှင့် အခမဲ့ရင်ခေါင်းဓာတ်မှန်ရိုက်ပေးခြင်းများ ဆောင်ရွက်

**ပေါက်ခေါင်း အောက်တိုဘာ ၂၂**
ပေါက်ခေါင်းမြို့နယ်၌ တီဘီရောဂါကွင်းဆင်းရှာဖွေရေးအဖွဲ့က တီဘီရောဂါရှာဖွေခြင်း လုပ်ငန်းနှင့် အခမဲ့ရင်ခေါင်းဓာတ်မှန်ရိုက်ပေးခြင်းတို့ကို အောက်တိုဘာ ၂၁ ရက်က အထက အိုးဘိုကုန်းစာသင်ကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်နှင့်အထက် ချောင်းနှစ်ပတ်ကျော်ဆိုးသူများ၊ တီဘီလူနာနှင့် နေထိုင်ခဲ့ဖူးသူများ၊ ယခင်တီဘီဆေးသောက်သုံးဖူးသူများ၊ မိမိကိုယ်ကို တီဘီရောဂါဖြစ်နိုင်ခြေရှိသည်ဟု သံသယရှိ၍ စစ်ဆေးလိုသူများ၊ ဆေးယဉ်ပါးတီဘီလူနာနှင့် နေထိုင်သူများနှင့် အသက် ၁၅ နှစ်အောက် လတ်တလော ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ မကြာခဏဖျားခြင်း ကိုယ်အလေးချိန်ကျခြင်း စသည့်လက္ခဏာများရှိသော ကလေးများ၊ တီဘီလူနာနှင့်အတူနေထိုင်သော ကလေးငယ်များ စသည့် လက္ခဏာရှိသူများအား စစ်ဆေးပေးသည့်အပြင် အခမဲ့ရင်ခေါင်းဓာတ်မှန် ရိုက်ပေးခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်း၊ ကွန်ပျူတာ ဓာတ်မှန်စက်ဖြင့် ဓာတ်မှန်ရိုက်စစ်ဆေးပြီး ရောဂါတွေ့ရှိသူများကို သလိပ်စစ်ဆေးခြင်းနှင့် လိုအပ်သည့် ဆေးကုသမှုများ ညွှန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေ ပြည်သူများက လာရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

**လောမင်းကို(ပြန်/ဆက်)**

## တွံတေးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**တွံတေး အောက်တိုဘာ ၂၂**
တွံတေးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူရန် ရောက်ရှိလာသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို အောက်တိုဘာ ၂၁ ရက်က မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးဇော်လှ ဦးဆောင်သော ကုသနှင့် ပြည်သူ့ကျန်းမာဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို၊ သွေးချို၊ နှလုံး၊ သွေးတိုး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်များ၊ အစားအစာ စားသောက်မှုပုံစံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ထမ်းများက အသက် ၆၀ နှင့်အထက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၆၀၀ ကို ကျန်းမာရေးအသိပညာပေးခြင်း၊ သွေးတိုး၊ ဆီးချိုစစ်ဆေးခြင်း၊ အထွေထွေကုသမှုပေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ် စစ်ဆေးကုသပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ အခမဲ့ဆောင်ရွက်ပေးပြီး လိုအပ်သော ဆေးဝါးများကို အခမဲ့ပေးခဲ့ကြောင်း သိရသည်။



**မျိုးလှိုင်(တွံတေး)**

## သာစည်မြို့နယ်၌ စားသုံးသူကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဆွေးနွေး

**သာစည် အောက်တိုဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အွန်လိုင်းမှတစ်ဆင့် စားသုံးသူကာကွယ်ရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်က ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် စားသုံးသူရေးရာဦးစီးဌာန သာစည်မြို့နယ်တာဝန်ခံ ဒေါ်ဖြူဖြူထွန်းတို့က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းများ၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းပြီး အကာအကွယ်ပေးဆောင်ရွက်နေမှုများ၊ စားသုံးသူအခွင့်အရေးများ၊ စားသုံးသူများအနေဖြင့် တိုင်ကြားနိုင်သည့် အကြောင်းအရာများ၊ ကုန်စည်ဝယ်ယူသုံးစွဲသည့်အခါ ကုန်စည်ပေါ်တွင် မြန်မာစာဖြင့် ပါရှိရမည့် ကုန်အညွှန်းအမှတ်အသားများကို သိရှိနားလည်ထားရန်နှင့် လုပ်ငန်းရှင်များကလည်း မြန်မာစာဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံအောင် ဖော်ပြခြင်းဖြင့် လိုက်နာဆောင်ရွက်သွားကြရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပြည်ကြီးမဏ္ဍိုင်မြို့၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**ပြည်ကြီးမဏ္ဍိုင် အောက်တိုဘာ ၂၂**
ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က အခြေခံပညာ အလယ်တန်းကျောင်း (ပြည်ကြီးမဏ္ဍိုင်)၌ ကျင်းပသည်။



ဟောပြောပွဲတွင် ပြည်ကြီးမဏ္ဍိုင်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကေခိုင်ဝင်းက လူကုန်ကူးမှုပြဿနာများသည် မိမိနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံတွင်ပါ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ကြောင်း၊ အမျိုးသား အမျိုးသမီးနှင့် ကလေးသူငယ်များကို ငွေကြေးနှင့် သွေးဆောင်ဖြားယောင်းပြီး အလုပ်ကြမ်းများ လိမ်ညာခိုင်းစေခြင်း၊ ငွေကြေးလိမ်ညာမှုပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို အလိုမတူခိုင်းစေခြင်း၊ အရွယ်မရောက်သေးသောသူများအား နိုင်ငံခြားသားများဖြင့် ထိမ်းမြားလက်ထပ်စေခြင်း စသောလူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များ များစွာရှိကြောင်း၊ လူကုန်ကူးမှုဆိုရာတွင် လူ့အသိုင်းအဝိုင်းကို လုံခြုံမှုကင်းမဲ့စေကြောင်းနှင့် လူကုန်ကူးမှုကို တိုက်ဖျက်ရာတွင် လူတစ်ဦးချင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ယခုထက် ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်သင့်ကြောင်း ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်ခရိုင်၌ ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**မိုင်းဆတ် အောက်တိုဘာ ၂၂**
မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ အောက်တိုဘာ ၂၁ ရက်က ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပုံပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## ခန္တီးမြို့၌ မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်

**ခန္တီး အောက်တိုဘာ ၂၂**
ခန္တီးမြို့တွင် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ယမုံနာခန်းမ၌ အောက်တိုဘာ ၂၀ ရက်က ပြုလုပ်သည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထွန်းနိုင်က မဲပေးစက်အသုံးပြု၍ နည်းစနစ်မှန်ကန်စွာ မဲပေးနိုင်ရေး ပြည်သူများသိရှိနားလည်စေရန် ရည်ရွယ်၍ ပြုရခြင်းဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးသိန်းထွန်းဦးက မဲပေးစက်ဖြင့် မဲပေးပုံနည်းစနစ်အား လက်တွေ့စမ်းသပ်သရုပ်ပြသရာ တက်ရောက်လာကြသည့် ပြည်သူများက ပါဝင်ဆောင်ရွက်သည်။

**ခရိုင်(ပြန်/ဆက်)**



## ကရသူရိမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

**ကရသူရိ အောက်တိုဘာ ၂၂**
ကရသူရိမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။

ဟောပြောရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ဘဝတိုးတက်အောင်မြင်ရေးအတွက် ကျောင်းစာများသာမက ပြင်ပအသိပညာ၊ အတတ်ပညာများကိုလည်း တတ်မြောက်ထားရန် လိုအပ်ကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ဟောပြောသည်။ **ကရသူရိ(ပြန်/ဆက်)**




အောင်လံမြို့နယ်အတွင်း စက်သုံးဆီ သယ်ယာဉ်များ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်း ဦးဆောင်သောမီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ မျိုးသိန်း(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## တီးတိန်မြို့၌ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေးထိုးနှံ

**တီးတိန် အောက်တိုဘာ ၂၂**

ချင်းပြည်နယ် တီးတိန်မြို့၌ ကျန်းမာရေးဌာနဝန်ထမ်းများက အသက် ၉ နှစ်နှင့် ၁၀ နှစ်ကြား ကျောင်းသူများ (HPV) သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးနှင့် အသက် ၅ နှစ်နှင့် ၇ နှစ်ကြား ကျောင်းသား ကျောင်းသူများအား DT ဆုံဆို့မေးခိုင် ကာကွယ်ဆေး ထိုးနှံခြင်းကို ယနေ့တွင် ဆောင်ရွက်ခဲ့သည်။(အပေါ်ပုံ)

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၃) အခြေခံပညာမူလတန်းကျောင်းရှိကျောင်းသား ကျောင်းသူ ၁၁၃ဦးကို သွားရောက်ထိုးနှံခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒိုက်ဦးအကျဉ်းထောင်တွင် အကျဉ်းသားများကို မတရားဒေါက်ခတ်တိုက်ပိတ်ထားသည်ဟူသော ခေါင်းစဉ်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၂**

ဒိုက်ဦးအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား ၁၆ ဦးကို ထောင်အတွင်း လူစုလူဝေးပြုလုပ်သည်ဟုဆိုကာ မတရားဒေါက်ခတ်တိုက်ပိတ်ထားသည် ဟူသောခေါင်းစဉ်ဖြင့် Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၁၁ ရက်က မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အောက်တိုဘာ ၂ ရက်က ရေကန်တာဝန်ပေးအပ်ထားသော အကျဉ်းသား ကျော်ရဲလွင်သည် အကြမ်းဖက်-၅၀(ဈ)၊ ရာ-၃၀၂(၂)/၁၁၄ တို့ဖြင့် ပြစ်ဒဏ်ကျခံနေသော အကျဉ်သား ဝင်းသူရအား စားကြွင်းစားကျန်ငါးရိုးနှင့် ထမင်းများအား ရေကန်ရေမြောင်းအတွင်းသို့ မစွန့်ပစ်ရန်၊ စည်းကမ်းအတိုင်း စားကြွင်းစားကျန်စွန့်သည့် အမှိုက်ပုံးအတွင်း ပစ်ရန် တာဝန်အရ ပြောဆိုခဲ့ရာ အကျဉ်းသား ဝင်းသူရက ရေကန်တာဝန်ကျ အကျဉ်းသား ကျော်ရဲလွင်အား ထိုးကြိတ်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း။

ထိုသို့ ဖြစ်ပွားခဲ့သည့်အတွက် အိပ်ဆောင်မှူးအရာရှိက ခိုက်ရန်ဖြစ်ပွားသော အကျဉ်းသား နှစ်ဦးအား ရုံးခန်းတွင် ခေါ်ယူမေးမြန်းဖြေရှင်းပေးနေစဉ် အကျဉ်းသား ဉာဏ်လင်းနိုင်နှင့် အကျဉ်းသား အချို့တို့သည် စုဝေးအုပ်စုဖွဲ့၍ အိပ်ဆောင်မှူး အရာရှိအား ကျေနပ်မှုမရှိကြောင်း ပြောကြားပြီး အိပ်ဆောင်အတွင်း ဆူပူအုံကြွမှု ဖြစ်စေရန် လှုံ့ဆော်ခြင်းများ ဆောင်ရွက်လာကြောင်း၊ စည်းကမ်းထိန်းသိမ်းရေးရုံး တာဝန်ခံဦးစီးအရာရှိက ခိုက်ရန်ဖြစ်ပွားသည့် အကျဉ်းသားနှစ်ဦး ကိစ္စကို ဖြေရှင်းပေးမည်ဟု ရှင်းလင်းပြောကြားခဲ့ပြီး မသက်ဆိုင်သည့် အကျဉ်းသားများအနေဖြင့် အိပ်ဆောင်သို့ ပြန်ရန် ပြောကြားခဲ့သော်လည်း နာခံမှုမရှိဘဲ စည်းကမ်းထိန်းသိမ်းရေးရုံးတွင် ဆူပူအော်ဟစ်ပြောဆိုကာ အကျဉ်းထောင်၏ လုံခြုံရေးကို ထိခိုက်စေရန် ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် တာဝန်ခံအရာရှိက အကျဉ်းထောင်လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် အကျဉ်းထောင်လက်စွဲ ဥပဒေအပိုဒ် ၄၃၈ အရ တိုက်တွင် သီးခြားခွဲ၍ ထားရှိခြင်းသာဖြစ်ပြီး ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးကာ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်၊ အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းရေးသားဖော်ပြခြင်းသာဖြစ်သည်။ **သစ္စာ**

## ခိုလမ်မြို့၌ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**ခိုလမ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အခြေခံပညာမူလတန်းကျောင်း(နောင်ပိန်)တွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။(ယာပုံ)

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မေဦးက မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်များ၊ လူကြီး/လူငယ်မရွေး အသုံးပြုနေကြသော မူးယစ်ပစ္စည်းများ၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ သွင်ပြင်လက္ခဏာများ၊ မူးယစ်ဆေးဝါးသုံးစွဲလျှင် ရရှိမည့်ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆိုးကျိုးအန္တရာယ်များ စသည်တို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး နံရံကပ် စာစောင်များကို ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ ရရှိစေရန် ပြသခဲ့ကြောင်း သိရသည်။



**ခိုလမ်(ပြန်/ဆက်)**

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ရက်မှ ၁၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၃ ဒသမ ၉၄၅၈ တန်၊ သစ်မာ ၂၅ ဒသမ ၉၆၈၆ တန်၊ အခြား ၂၀ ဒသမ ၅၆၀၆ တန်၊ စုစုပေါင်း ၆၀ ဒသမ ၄၇၅၀ တန်၊ ယာဉ်/ယန္တရား လေးစီး၊ တရားခံ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် မြစ်ကြီးနားမြို့ ယုဇနကွက်သစ်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ပန်းဘဲတန်းရပ်ကွက်၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် တရုတ်နိုင်ငံထုတ် ၁၀ လက်မ သံပိုက် ၂၅ ချောင်း အပါအဝင် ဆက်စပ်ပစ္စည်း ၁၂၆ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၆၅၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ ၁၄ ဒသမ ၄၉၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၃၈၅၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၈ ရက်တွင် တောင်ကြီးမြို့နယ် ရပ်စောက် – ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၂၁ မျိုး၊ စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့်လိုင်စင်မဲ့Toyota Hiace တစ်စီး၊ Istana Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၁၃၈၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၀ ရက်တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၄၁၆၈၅၆) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)
## ဒဂုံမြို့သစ်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၁

၁။ ဒေါ်ချိုမာဦး  လျှောက်ထားသူများ
၂။ ဒေါ်ခိုင်ခိုင်ဦး

ကွယ်လွန်သူ ဒေါ်ခင်ဖူးသန့်(ခ)ဒေါ်ဖွားသန့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀) ရပ်ကွက်၊ ဧကရာဇ်လမ်း၊ အမှတ် -၂ ၌ နေထိုင်ခဲ့သော ဒေါ်ချိုမာဦး၊ ဒေါ်ခိုင်ခိုင်ဦးတို့က ၎င်းနေရပ်လိပ်စာတွင် အမြဲနေထိုင်ခဲ့သည့် လွန်ခဲ့သော (၃၀-၁၁-၂၀၂၄) ရက်တွင် ကွယ်လွန်သူ ဒေါ်ခင်ဖူးသန့်(ခ)ဒေါ်ဖွားသန့်၏ တူမများဖြစ်ကြောင်း၊ အမွေထိန်းလက်မှတ်ရထိုက်ကြောင်း စစ်ဆေးပေါ် ပေါက်၍ (၂-၉-၂၀၂၅) ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်မှ အမွေထိန်းလက်မှတ်စာ ထုတ်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ချိုမာဦး၊ ဒေါ်ခိုင်ခိုင်ဦးတို့သည် (၂၆-၉-၂၀၂၅) ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌ ၎င်းတို့လက်ရှိထိန်းသိမ်းထားသော အမွေထိန်း လက်မှတ်ပါပစ္စည်းများအား အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၃၀၇(၂) အရ ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် ရုံးတော်သို့ လျှောက်ထားလာပါသည်။

၎င်းအမှုအရေးတွင် ရုံးတော်သို့ လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟု ထင်မြင်လျှင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ နည်းလမ်းတကျအခွင့် အာဏာလွှဲအပ်ထားသော ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်) နံနက် (၁၀) နာရီတွင် ဤရုံးတော်သို့ လာရောက်ရန် ဆင့်ဆိုလိုက်ပါသည်။ အဆိုပါနေ့ရက်တွင် လျှောက်ထားသူများ၏ လျှောက်လွှာကို ကြားနာဆိုင်ပြိုင်၍ ၎င်း၏အမွေထိန်းလက်မှတ်စာပါပစ္စည်းများအား အမွေဆက်ခံခွင့်အက်ဥပဒေပုဒ်မ - ၃၀၇(၂) အရ ဆက်လက်ဆောင်ရွက်ခွင့် ရှိ/မရှိ စီရင်ဆုံး ဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီလှိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၁)
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၅/၇၄၄)နေသူ ဒေါ်စုစုလှိုင် (ဘ)ဦးစော ၁၄/ပမန(နိုင်)၂၆၁၉၇၀ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စုစုလှိုင်သည် အထက်ဖော်ပြပါ "Beauty Palace"တံဆိပ်ကို တစ်ဦးတည်းမူပိုင် တံဆိပ်အဖြစ် ပျဉ်းမနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၁၇၄/၂၀၂၅)ဖြင့် တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်မှာ "Hair Design & Beauty Studio"ဖွင့်လှစ်ရာတွင် အသုံးပြုလျက်ရှိသော တံဆိပ်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စုစုလှိုင်ပိုင် "Beauty Palace"တံဆိပ် အမည်အမှတ်အသားကို မည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ မည်သည့်ကုမ္ပဏီအဖွဲ့အစည်းမှဖြစ်စေ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှားထင်ယောင်ထင်မှား ဆင်တူယိုးမှား ထုတ်လုပ်၊ ပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်နေကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်သန်းသန်းဌေး (LL.B) ဒေါ်မြတ်သဇင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၆၇) အထက်တန်းရှေ့နေ(စဉ်-၅၆၈၅၃)
အမှတ်(၁၅/၃၉)၊ မေတ္တာလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊
ဖုန်း-၀၉-၄၂၀၇၃၈၈၀၃၊ ၀၉-၇၉၅၂၆၈၇၉၉

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ (၁/၁၀) ရပ်ကွက်၊ ပိတောက် (၃)လမ်း၊ အမှတ်-၂၁၈/က ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးသာစိုး အမည်ဖြင့်ချထားပေးသည့် ပါမစ်မြေအမျိုးအစား ခြံမြေကွက်အနက် အလျား x အနံ (၁၀ x ၆၀) ပေ (ခြေရင်းခြမ်း)ရှိ ခြံမြေကွက်အား ဒေါ်တင်မေ (KLW-၀၀၇၇၄၇) မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန် သဘောတူညီပြီးအိမ်ခြံမြေ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်း အဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက် အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်အဆိုပါရက် ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းသဇင်အေး (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၅၄၅၁၆)
အမှတ် - ၁၄/၁၁၂၆၊ ရာဇဓိရာဇ် (၃)လမ်း၊ ရွှေပေါက်ကံမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း - ၀၉-၉၇၁၅၀၇၀၆၃၊ ၀၉-၇၈၆၀၂၃၉၃၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/7675, King Elephant S/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၇/ပမန(နိုင်)၀၅၁၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်ကြင်းလမ်းသွယ်ပေါ်ရှိ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက်အမှတ်- ၄၇၈/ခ ဟုခေါ်တွင်သော လူနေမြေချပါမစ်မြေအမျိုးအစား၊ ဦးထွန်းအေး အမည်တွင်လျက်ရှိသော အလျား(၂၀)ပေ x အနံ (၆၀)ပေနှင့် ယင်းမြေပေါ် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇော်မျိုးအောင် (၁၂/မရက(နိုင်)၁၁၇၃၁၆)မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုဝန်ခံသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်ဌေး (၁၂/အစန(နိုင်)၀၆၉၆၀၄)က ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး နောက်နောင် အမည်ပြောင်းလဲခြင်း၊ အရောင်းအဝယ် အပြီးသတ်ဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၂၉)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၂၉၂၁၅

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၁၂)၊ ( အလျား ၁၆ x အနံ ၁၀ )ပေအကျယ်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ဥမ္မာမြင့် (၁၂/မရက(နိုင်)၁၀၅၃၇၉)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်အိသန္တာမိုး (၈/စလန(နိုင်)၁၉၁၇၇၀) ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံ သောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်သက်မွန်
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၅/၂၀၁၅)
တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉ - ၇၅၀၃၉၈၄၀၆

## မွေးသက္ကရာဇ်အမှန်

ပုတာအိုမြို့၊ လုံးစွတ် ရပ်ကွက်နေ ဦးကျော်ကျော်ထွန်း၏သမီး မအားခူဆဲ ၁/ပတအ(နိုင်)၀၇၇၀၂၁ ၏မွေးသက္ကရာဇ် အမှန်မှာ အိမ်ထောင်စုလက်မှတ်အရ ၄-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

၂၀၂၀-၂၀၂၁ ပညာသင်နှစ် အထက(ပုတာအို)ကျောင်း G-6 တွင် ပညာသင်ကြားခဲ့သော မောင်နေမျိုးဆေး၏အမည်မှန်မှာ မောင်တန်ရှင်ဖေအောင်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၂-၂၀၀၇ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

နော်အေးအေးမွန် ၁၂/လကန(နိုင်)၂၃၈၃၅၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၇၁၆၆၀၇

## ဖခင်နှင့်မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11မှ မသဲစု၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း(ခ) ဦးမောင်ဇော်နှင့် မိခင်အမည်မှန်မှာ ဒေါ်မေရီ(ခ)ဒေါ်စန်းစန်းအေးတို့ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၃၁၉၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ(၁၁)လမ်း၊ အမှတ်(၂၈၉/ခ)၊ တတိယထပ် (၄-လွှာ) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးဝင်း ၁၂/သကတ(နိုင်) ၀၇၅၆၂၈ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးကျော်နိုင်မင်း (၁၂/သကတ (နိုင်)၁၇၃၂၉၉)၊ ဒေါ်စုကြည်ဝင်း (၁၂/ဒပန(နိုင်)၀၅၇၃၉၆)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုခိုင်(LL.B) ဒေါ်ခင်စောသိန်း(LL.B) ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)
(စဉ်-၁၁၅၅၃) (စဉ်-၁၃၂၈၆) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉

## အမည်မှန်

ပူတာအိုမြို့နယ်၊ ပူတောင်းကျေးရွာအုပ်စု၊ မုဒုံ(၁)ကျေးရွာနေ (ဘ) ဦးဟူလာ ၏သမီး မမြန္ဒယ်၏ အမည်မှန်မှာ မစွဲ့မြန္ဒယ် ၁/ပတအ(နိုင်)၀၇၄၄၅၆ ဖြစ်ပါကြောင်း။

မစွဲ့မြန္ဒယ်

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ (အ.ထ.က)ကျောင်း GRADE.10 မှ မောင်ပြည့်ထွဋ်ဘုဏ်း၏ အမည်မှန်မှာ မောင်အံ့ဘုဏ်းပြည့်ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၃.၅.၂၀၁၀ ) ဖြစ်ပါကြောင်း။ **မောင်အံ့ဘုဏ်းပြည့်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၁၀၄၀)၊ ဆပ်သွားကျွန်းကွင်း၊ ဦးပိုင်အမှတ်(၃၂/ခ)၊ မြို့အုပ်စုလမ်းသွယ်၊ အရှေ့လားသော်-ပေ(၂၀)လမ်း၊ အနောက်လားသော်-ရုံးခန်း၊ တောင်လားသော်-အကွက်အမှတ်(C-5)၊ မြောက်လားသော်-အကွက်အမှတ်(C-1)အတွင်း ကျရောက်သည့် ဧရိယာ(၀ဒသမ၀၅)ဧက အကျယ်ရှိ (C-4)မြေကွက်ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဆိုသူ ဒေါ်ဝင်းဝင်းအေး ၁၄/ညတန(နိုင်)၁၂၂၇၀၄ထံမှ ယင်းမြေကွက်နှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာစာပါရှိသည့် ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲရင့်နိုင်(LL.B) ဒေါ်ကေခိုင်ညွန့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၆၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၂)
ဖုန်း-၀၉-၉၇၂၈၅၇၀၁၇ ဖုန်း-၀၉-၉၅၄၆၆၁၂၆၂
ရုံး-အခန်း(၃)၊ တိုက်(၁၂)၊ အုတ်စက်ရိပ်သာ(၁)၊ တည်ငြိမ်ကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/43666, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်ထားမိုးဇော် ၁၃/တခလ(နိုင်)၁၂၉၈၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(တာချီလိတ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၆၂၀၂၂, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးထွေး ၉/မရတ(နိုင်)၁၂၈၅၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၆၁၃/က)၊ ဦးသောင်းတင် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၂၀x၆၀)ပေအနက်မှ တရားဝင်ခွဲစိတ်ထားခြင်း မရှိသေးသော ခေါင်းရင်းခြမ်း (၁၀x၆၀)ပေရှိအိမ်ခြံမြေအား တရားဝင်လက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှဝင်း (၁၂/သဃက(နိုင်)၁၀၉၁၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝါဝါဝင်းတင်(LL.B,D.M.L,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၀/၂၀၁၆)
အမှတ်(၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၅၇၇၉

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ သုရလမ်း၊ အမှတ်-၉၀ (၂) ခန်းတွဲ RC (၅) ထပ်တိုက်၏ ပထမထပ်/၂-လွှာ (ခြေရင်းခန်း)၊ (၁၄ ပေခွဲ x ၆၂ ပေ) အကျယ်ရှိ တိုက်ခန်းကို **ဒေါ်အေးအေးစိုး** (၁၂/မရက(နိုင်) ၀၀၃၃၆၁) ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူလျက် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းမှုအပေါ် **ဒေါ်ပြုံးပြုံးဝင်း** (၁၂/တတထ(နိုင်) ၀၀၅၀၇၂) ကလည်း ဝယ်ယူရန် သဘောတူညီပြီး စရံငွေ (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေငွေ) အား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာမှတ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသိန်းထိုက် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၂၈၁၆၁

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅-ခ/မကျီးတန်းမြောက်ကွင်း)၊ ဦးပိုင်အမှတ် (၃၅၈)၊ မြေဧရိယာ(၀.၀၇၄)ဧကအနက်မှ ဦးပိုင်အမှတ်(၃၅၈/ခ)၊ ဧရိယာ (၀.၀၄၉)ဧကရှိမြေကွက်အား အခွန်စည်းကြပ်သူ အမည်ပေါက်မရှိသောမြေကွက်ဖြစ်ပါသည်။အဆိုပါ မြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ပခုက္ကူမြို့၊ အမှတ်( ၆ )ရပ်ကွက်၊ (၄)လမ်းနေ ဒေါ်စိန်ကြည် MYG-၁၉၃၄၈၂ထံမှ ဦးတင့်ဆွေ ၈/ရစက(နိုင်)၀၁၉၁၈၁သည် (၁၉-၉-၂၀၂၄)ရက်၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူအိမ်ဝိုင်းမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ် လက်ရှိနေထိုင်အကျိုးခံစားလျက်ရှိသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်မ၏မိတ်ဆွေ ဦးတင့်ဆွေ၊ ၈/ရစက(နိုင်)၀၁၉၁၈၁၏အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားမည်ဖြစ်သဖြင့် ဒေါ်စိန်ကြည် MYG-၁၉၃၄၈၂ အမည်ဖြင့်ရရှိထားသည့် မြေကွက်/စာရွက်စာတမ်းအထောက်အထားများနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့်မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသောတရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း သက်ဆိုင်ရာခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့၌ တရားဝင်စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းများမရှိပါက ပခုက္ကူမြို့၊ အမှတ်(၆)ရပ်ကွက်၊ (၄)လမ်းနေ ဦးတင့်ဆွေ ၈/ရစက(နိုင်)၀၁၉၁၈၁ ၏ အမည်ဖြင့် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ရရှိရေး ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင့်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိသိမ့်ကျော်( LL.B )
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၂၉) (၁၄-၆- ၂၀၁၈)
ရွှေကံသာရပ်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/34165, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၁၂/သကတ(နိုင်) ၀၃၇၉၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ရှမ်းပြည်နယ်ရုံး
(တောင်ကြီး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/64528 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းထွေး ၉/ပဥလ(နိုင်)၀၄၃၅၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ပြင်ဦးလွင်)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 4M/2124 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထက်အောင် ၅/စကန(နိုင်)၂၆၇၅၀၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ပြင်ဦးလွင်)

## ဒဂုံတက္ကသိုလ်
## နေ့သင်တန်း
## (၃၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်(နေ့သင်တန်း) ၂၀၂၃-၂၀၂၄ပညာသင်နှစ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များ၏ ၂၀၂၄ခုနှစ်၊ မတ်လ၊ စက်တင်ဘာလနှင့် ၂၀၂၅ခုနှစ်၊ မေလများတွင် ကျင်းပခဲ့သော မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၇-၁၁-၂၀၂၅ရက်**
**(ကြာသပတေးနေ့)**
**နံနက်ပိုင်း- နံနက် (၉:၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ ဒဿနိကဗေဒ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ၊ သတ္တဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ ဒဿနိကဗေဒ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ သတ္တဗေဒ၊ အဏုဇီဝဗေဒ |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ ဒဿနိကဗေဒ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ၊ သတ္တဗေဒ၊ အဏုဇီဝဓာတုဗေဒ၊ Biotechnology |

**ညနေပိုင်း -မွန်းလွဲ (၂:၀၀) နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း၊ နိုင်ငံတကာဆက်ဆံရေးပညာ |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း၊ နိုင်ငံတကာဆက်ဆံရေးပညာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရုက္ခဗေဒ၊ ဇီဝဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ |
| ဝိဇ္ဇာဘွဲ့ | သမိုင်း၊ စိတ်ပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာ |
| သိပ္ပံဘွဲ့ | ရုက္ခဗေဒ၊ ဇီဝဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံပညာ |

**[အစမ်းလေ့ကျင့်ရန်-၂၅-၁၁-၂၀၂၅ရက် (အင်္ဂါနေ့)၊**
**နံနက်ပိုင်း (၉:၀၀)နာရီ]**

**၂။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၈-၁၁-၂၀၂၅ရက်**
**(သောကြာနေ့)**
**နံနက်ပိုင်း- နံနက် (၉:၀၀)နာရီ**

| | |
|---|---|
| မဟာဥပဒေဘွဲ့ | - ဥပဒေပညာ (၂၀၂၃-၂၀၂၄ ပညာသင်နှစ်အောင်) |
| မဟာဝိဇ္ဇာဘွဲ့ | - ပထဝီဝင်၊ မနုဿဗေဒ |
| မဟာသိပ္ပံဘွဲ့ | - သင်္ချာ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - ပထဝီဝင် |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - သင်္ချာ၊ ဘူမိဗေဒ |
| ဥပဒေဘွဲ့ | - ဥပဒေပညာ |
| ဝိဇ္ဇာဘွဲ့ | - ပထဝီဝင်၊ မနုဿဗေဒ |
| သိပ္ပံဘွဲ့ | - သင်္ချာ၊ ဘူမိဗေဒ |
| ဘွဲ့လွန်ဒီပလိုမာဘွဲ့ | - Geographic Information System(GIS) |

**ညနေပိုင်း -မွန်းလွဲ (၂:၀၀) နာရီ**

| | |
|---|---|
| မဟာဥပဒေဘွဲ့ | - ဥပဒေပညာ (၂၀၂၄-၂၀၂၅ ပညာသင်နှစ်အောင်) |
| မဟာဝိဇ္ဇာဘွဲ့ | - အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ |
| မဟာသိပ္ပံဘွဲ့ | - ရူပဗေဒ၊ကုန်ထုတ်ဓာတုဗေဒ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | - အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | - ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ အားကစားပညာ |
| ဝိဇ္ဇာဘွဲ့ | - အင်္ဂလိပ်စာ၊ အရှေ့တိုင်းပညာ၊ ရှေးဟောင်းသုတေသနပညာ |
| သိပ္ပံဘွဲ့ | - ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ အားကစားပညာ |

**[ အစမ်းလေ့ကျင့်ရန် ၂၅-၁၁-၂၀၂၅ရက် (အင်္ဂါနေ့)**
**မွန်းလွဲပိုင်း (၁:၀၀)နာရီ]**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၂၂-၁၁-၂၀၂၅ရက် မှ ၂၃-၁၁-၂၀၂၅ရက်ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**(သန်းစိုးဦး)**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**ဒဂုံတက္ကသိုလ်**

---

## ဒဂုံတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ၌ပြုလုပ်မည့် ဒဂုံတက္ကသိုလ် နေ့သင်တန်းနှင့် အဝေးသင် သင်တန်း၏ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ဒဂုံတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၂၄-၁၀-၂၀၂၅ရက် မှ စတင်လက်ခံမည်ဖြစ်ပြီး ၂၉-၁၀-၂၀၂၅ရက် မွန်းတည့် (၁၂:၀၀)နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးရေးနှင့် တင်ဒါခေါ်ယူရေးအဖွဲ့**
**ဒဂုံတက္ကသိုလ်**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၈

ဒေါ်အေးနန္ဒာအောင် **နှင့်** ဦးခင်သိန်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် (၉၈၆) နေ ဦးခင်သိန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ (၆)ရက် (၁၃၈၇-ခုနှစ်) တန်ဆောင်မုန်းလဆုတ် (၂)ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့် အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝေနှင်းသူ)**

**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

---

## ဖခင်၊ မိခင် အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၃)နယ်မြေ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-11မှ မောင်ရှိုင်းမာန်အောင် ၁၄/ ပသန(နိုင်)၃၇၁၆၁၄ ၏ ဖခင်၊ မိခင် အမည်မှန်မှာ ဦးအောင်သန်း၊ ဒေါ်စုစုဝင်း ဖြစ်ပါကြောင်း။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး တိုင်း ဒေသ ကြီး၊ မတ္တရာမြို့နယ်၊ ညောင်ကုန်း မြောက်ကျေးရွာနေ မန္တေးနွေးလှိုင် ၉/မတရ(နိုင်)၂၄၆၈၅၇ ၏ ဖခင် အမည်မှန်မှာ ဦးတိုင်း(ခ) ဦးဆန်းဦး (၉/မတရ(နိုင်) ၁၀၈၅၁၁)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတိုင်း(ခ)ဦးဆန်းဦး**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သီဟသုရပ်၊ ဦးပိုင်အမှတ် (၉၇)၊ ဧရိယာ (၀.၁၀၄)ဧကအား ဦးတင်အောင်(ဘ)ဦးထွန်းစိန် ၉/တကန(နိုင်)၀၀၇၀၀၀၊ ဦးအောင်ဖြိုးဦး (ဘ)ဦးတင်အောင် ၉/တကန(နိုင်)၁၁၇၉၂၄၊ ဒေါ်စန္ဒာအောင် (ဘ)ဦးတင်အောင် ၉/တကန(နိုင်)၁၃၃၇၂၆တို့မှ တပ်ကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၉၈၃/၂၀၂၅)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(RA-VI/ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်(၁၄/c)၊ မြေကွက်အမှတ် (245/D) မြေဧရိယာ(၀.၀၇)ဧကရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်(၂၁၇/၁၉၉၇-၁၉၉၈)အရ ဦးနေဝင်း (MMO- ၂၈၂၂၆၁)မှ အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်အမည်ပေါက်သူထံမှ ဦးလှဝင်း(၉/ပမန(နိုင်)၀၂၂၂၈၁)သည် ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈/၂၀၀၈)ဖြင့် ဝယ်ယူ၍ လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသူဖြစ်ပြီး ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသောမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဆုမွန်နှင်းက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဆုမွန်နှင်း** | **ဦးထွန်းထွန်းဦး (LL.B , IP Law (WIPO)** |
| **(ဘ) ဦးမိုးကျော်အောင်** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၇၀)** |
| **၁၂/မရက(နိုင်)၀၈၅၁၁၇** | **အမှတ်(အ-၁၅၈)၊ ငွေတော်ဝင်(၅)လမ်း၊** |
| **မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့** | **ရပ်ကွက်ကြီး(၈) ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၄၈၁၀၉၅၅၀၀** |

---

## အမည်အမှတ်တံဆိပ်အား
## အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ နဝရတ်လမ်း၊ သိင်္ဂီလမ်းကြားနေ ဦးစည်သူ (ဘ)ဦးမြင့်လွင် [၉/အမဇ (နိုင်)၀၂၃၃၁၃] ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

အိုမီဂါ

ကျွန်ုပ်တို့၏ မိတ်ဆွေသည် အထက်ဖော်ပြပါ"**အိုမီဂါ**"စတိုး၏အမည်တံဆိပ်ကို ပြင်ဦးလွင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် အမည်အမှတ်တံဆိပ်မှတ်ပုံတင် မြွက်ဟကြေညာစာတမ်းစာချုပ်ကို ချုပ်ဆိုကြေညာသွားပြီး အဆိုပါ အမှတ်တံဆိပ်အား အသုံးပြုမည်ဖြစ်ပါသည်။

